# အထက်မှ
# ကယ်တင်မစခြင်း



# အထက်မှကယ်တင်မခြင်း

''အထက်မှကယ်တင်မခြင်း'' သည် သမ္မာကျမ်းစာ၏ အစိတ်အပိုင်း၊ ကဏ္ဍအမျိုးမျိုးမှ ဆက်နွယ်သော ကျမ်းပိုဒ်ကလေးများကို ကောက်နုတ်စုဆောင်းဖော်ပြထားသော စာစောင်ငယ်ဖြစ်ပါသည်။ ကျမ်းစာကို အကောင်းဆုံးရှင်းပြသောအရာသည် သမ္မာကျမ်းစာအုပ်ပင်ဖြစ်သည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။

ဘုရားသခင်၏ နှုတ်ကပတ်တော်သည် ''အထက်မှ'' လာသဖြင့် ဖြောင့်မတ်ခြင်းပါရမီကို ဆာလောင်သော နှလုံးသားများအတွက် ဧကန်မုချ အကူအညီပေးနိုင်ပါသည်။ တစ်စုံတစ်ယောက်သည် နောင်တရ၍ အပြစ်ဒုစရိုက်ကိုစွန့်ကာ သခင်ယေရှုခရစ်တော်ကို သူ၏နှလုံးသားထဲ၌ ကျိန်းဝပ်တော်မူရန် ဖိတ်ခေါ်ပြီး သခင်ယေရှုခရစ်တော်ကို ကယ်တင်ရှင်အဖြစ် စိတ်နှလုံးအကြွင်းမဲ့ ယုံကြည်ပါက သခင်ဘုရားသည် ထိုသူအား ကိုယ်တော်ထင်ရှား၍ ကိုယ်တော်၏ ဝမ်းမြောက်ခြင်းနှင့် ငြိမ်သက်ခြင်းကို ယုံကြည်သူ၏ နှလုံးသားတွင်းသို့ သွတ်သွင်းပေးပါလိမ့်မည်။ ကျွန်ုပ်သည် ဤအတွေ့အကြုံကို ၁၉၃၇ ခုနှစ်ဆီက တွေ့ကြုံခဲ့ရပြီး ယခုတိုင် ဤအံ့သြဖွယ်သော သခင်ဘုရားနှင့် မိတ်သဟာယဖွဲ့ခြင်းသည် ပြိုပျက်မသွားခဲ့ပါ။ သင်သည် ထိုသို့ လက်ခံခြင်းကို မပြုလုပ်ရသေးပါလျှင် ယခုပင် ကိုယ်တော်အား သင်၏ ကယ်တင်ပိုင်ရှင်နှင့် အသက်သခင်အဖြစ်လက်ခံ၍ ကိုယ်တော့်ထံ လုံးလုံးအပ်နှံပါရန် ကျွန်ုပ်တိုက်တွန်းပါသည်။

Watson Goodman

(ဝပ်ဆင်ဂွဒ်မင်း)

# ဘုရားသခင်၏မေတ္တာတော်

ငါတို့သည် အပြစ်ရှိစဉ်ပင်၊ ခရစ်တော်သည် ငါတို့အတွက်ကြောင့် အသေခံတော်မူသည်ဖြစ်၍ ဘုရားသခင်သည် ငါတို့ကို အဘယ်မျှလောက် ချစ်တော်မူသည်ကို ငါတို့အား ထင်ရှားစွာပြတော်မူ၏။ **ရောမ ၅း၈**

ပသခါပွဲမခံမီ၌ ယေရှုသည်ဤလောကမှ ခမည်းတော်ထံသို့ပြောင်းရသော အချိန်ရောက်သည်ကို သိတော်မူသည်ဖြစ်၍ ဤလောက၌ရှိသော မိမိလူတို့ကို ချစ်တော်မူသောကြောင့် အဆုံးတိုင်အောင် ချစ်တော်မူ၏။ **ရှင်ယောဟန် ၁၃း၁**

ကိုယ့်အဆွေတို့ အဖို့အလို့ငှာ ကိုယ့်အသက်ကို စွန့်ခြင်းမေတ္တာထက် သာ၍မြတ်သော မေတ္တာသည် အဘယ်သူ၌မျှမရှိ။ **ရှင်ယောဟန် ၁၅း၁၃**

သစ္စာစောင့်သော သက်သေခံဖြစ်တော်မူထသော သေသောသူတို့တွင် သားဦးဖြစ်တော်မူထသော လောကီဘုရင်တို့၏ အထွဋ်ဖြစ်တော်မူသော ယေရှုခရစ်အထံတော်ကငှင်း၊ ကျေးဇူးတော်နှင့်ငြိမ်သက်ခြင်းသည် သင်တို့၌ ရှိပါစေသော။ ငါတို့ကိုချစ်၍ မိမိသွေးနှင့် ငါတို့အပြစ်များကို ဆေးကြောတော်မူ၏။ **ဗျာဒိတ် ၁း၅**

ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့ မရောက်၊ ထာဝရအသက်ကိုရစေခြင်းငှာ ဘုရားသခင်သည် မိမိ၌ တစ်ပါးတည်းသော သားတော်ကို စွန့်တော်မူသည့်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။

**ရှင်ယောဟန် ၃း၁၆**

ထာဝရဘုရားသည် အဝေးကထင်ရှား၍ မိန့်တော်မူသည်ကား အကယ်စင်စစ် ထာဝရမေတ္တာနှင့် သင့်ကိုငါချစ်၏။ ထို့ကြောင့် ကရုဏာကျေးဇူးကို သင့်၌ကြာမြင့်စွာပြ၏။

**ယေရမိအနာဂတ် ၃၁း၃**

# ယေရှုခရစ်တော်၏ဘုရားဇာတိတော်

မှန်သောကိုးကွယ်ခြင်း၏ နက်နဲသောအရာသည် ကြီးစွာသောအရာဖြစ်သည်ဟု ငြင်းခုံရန်မရှိ။ ဘုရားသခင်သည်ကိုယ်ခန္ဓာ၌ပေါ်ထွန်းတော်မူပြီ။ ဟုတ်မှန်ဖြောင့်မတ်ကြောင်း ဝိညာဉ်တော်အားဖြင့် ထင်ရှားပြီ။ ကောင်းကင်တမန်တို့သည် ကိုယ်တော်ကိုရှုမြင်ရကြပြီ။ တစ်ပါးအမျိုးတို့သည် သတင်းတော်ကို ကြားရကြပြီ။ လောကီသားတို့သည် ယုံကြည်ရကြပြီ။ ဘုန်းအသရေနှင့်တစ်ကွ အထက်သို့ဆောင်ယူခြင်းကို ခံတော်မူပြီ။ **၁ တိမောသေ ၃း၁၆**

အစအဦး၌ နှုတ်ကပတ်တော်ရှိ၏။ နှုတ်ကပတ်တော်သည် ဘုရားသခင်နှင့် အတူရှိ၏။ နှုတ်ကပတ်တော်သည်လည်း ဘုရားသခင်ဖြစ်တော်မူ၏။....နှုတ်ကပတ်တော် သည်လည်း လူ့ဇာတိအဖြစ်ကိုခံယူ၍ ကျေးဇူးတော်နှင့်ငှင်း၊ သစ္စာတော်နှင့်ငှင်း ပြည့်စုံလျက် ငါတို့တွင် တည်နေတော်မူသည်....။ **ရှင်ယောဟန် ၁း၁၊၁၄(က)**

ထိုအကြောင်းအရာမူကား၊ ထာဝရဘုရားသည် ပရောဖက်ဖြင့်ထားတော်မူသော ဗျာဒိတ်တော် ပြည့်စုံမည့်အကြောင်းတည်း။ ဗျာဒိတ်တော်အချက်ဟူမူကား၊ ကြည့်ရှုလော့။ သတို့သမီးကညာသည် ပဋိသန္ဓေစွဲယူ၍ သားယောကျ်ားကို ဖွားမြင်လတ္တံ့။ ထိုသားကို ဧမာနွေလအမည်ဖြင့် မှည့်ကြရလတ္တံ့ဟု လာသတည်း။ ဧမာနွေလအနက်ကား ငါတို့နှင့်အတူ ရှိတော်မူသော ဘုရားသခင်ဟု ဆိုလိုသတည်း။ **ရှင်မဿဲ ၁း၂၂-၂၃**

ငါသည် ငါ့ခမည်းတော်နှင့် တစ်လုံးတစ်ဝတည်းဖြစ်သည်။ **ရှင်ယောဟန် ၁၀း၃၀**

ယေရှုက - ဖိလိပ္ပု၊ ဤမျှကာလပတ်လုံး ငါသည်သင်တို့နှင့်အတူရှိပြီးမှ သင်သည်ငါ့ကို မသိသေးသလော။ ငါ့ကိုမြင်သောသူသည်ခမည်းတော်ကိုမြင်၏။ သို့ဖြစ်လျှင် ခမည်းတော်ကို အကျွန်ုပ်တို့အား ပြတော်မူပါဟု သင်သည်အဘယ်သို့ ဆိုရသနည်း။ ငါသည် ခမည်းတော်၌ ရှိသည်ကိုငှင်း၊ ခမည်းတော်သည် ငါ့၌ရှိတော်မူသည်ကိုငှင်း မယုံသလော။

**ရှင်ယောဟန် ၁၄း၉-၁၀(က)**

# ဘုရားသခင်၏သားတော်ယေရှု

ယေရှုသည် ဘုရားသခင်၏သားတော်ဖြစ်တော်မူသည်ကို ဝန်ခံသောသူ မည်သည်ကား ဘုရားသခင်၌ တည်၏။ ဘုရားသခင်သည်လည်း ထိုသူ၌ တည်တော်မူ၏။

**၁ ရှင်ယောဟန် ၄း၁၅**

ကောင်းကင်တမန်ကလည်း သန့်ရှင်းသောဝိညာဉ်တော်သည် သင်၏အပေါ်မှာ သက်ရောက်တော်မူ၍ အမြင့်ဆုံးသောဘုရား၏ တန်ခိုးအာနုဘော်တော်သည် သင့်ကို လွှမ်းမိုးလိမ့်မည်။ ထိုအကြောင်းကြောင့် ထိုသန့်ရှင်းသော သားသည်လည်း ဘုရားသခင်၏ သားတော်ဟု ခေါ်ဝေါ်သမုတ်ခြင်းကိုခံရလိမ့်မည်။ **ရှင်လုကာ ၁း၃၅**

အကြောင်းမူကား၊ ငါတို့အဖို့ သူငယ်ကိုဖွားမြင်၏။ ငါတို့အား သားကို ပေးသနားတော်မူ၏။ ထိုသူသည် အုပ်စိုးခြင်းအာဏာစက်ရှိလိမ့်မည်။ နာမတော်မူကား အံ့ဩဖွယ်၊ တိုင်ပင်ဖက်၊ တန်ခိုးကြီးသော ဘုရားသခင်၊ ထာဝရအဘ၊ ငြိမ်သက်ခြင်းအရှင်ဟု ခေါ်ဝေါ်သမုတ်ခြင်းကိုခံတော်မူလိမ့်မည်။ **ဟေရှာယ ၉း၆**

ထိုသို့လျှောက်စဉ်တွင် ထွန်းလင်းသောမိုးတိမ်သည် ထိုသူတို့ကိုလွှမ်းမိုး၍ ဤသူသည် ငါနှစ်သက်မြတ်နိုးရာငါ၏ချစ်သားပေတည်း။ သူ၏စကားကို နားထောင်ကြလော့ဟုမိုးတိမ်က အသံတော်ဖြစ်လေ၏။ **ရှင်မဿဲ ၁၇း၅**

"သခင်၊ အကျွန်ုပ်ယုံကြည်ရမည့်အကြောင်း ဘုရားသခင်၏သားတော်ကား အဘယ်သူနည်း" ဟု မေးလျှောက်သော် ယေရှုက "သင်သည် ထိုသူကို မြင်ခဲ့ပြီးသည်သာမက သင်နှင့်ယခုစကားပြောသော သူသည် ဘုရားသခင်၏ သားတော်ဖြစ်၏" ဟု မိန့်တော်မူ၏။ **ရှင်ယောဟန် ၉း၃၆–၃၇**

အကြောင်းမူကား ဘုရားသခင်၏ ဇာတိအဖြစ်တော်၏ ပြည့်စုံခြင်းအပေါင်းသည် ခရစ်တော်၌ ကိုယ်ထင်ရှား၍ ကိန်းဝပ်တော်မူ၏။ **ကောလောသဲ ၂း၉**

# ယေရှုမည်သူဖြစ်ကြောင်း ကိုယ်တော်တိုင် ကျွန်ုပ်တို့ကိုဖော်ပြတော်မူ၏

ယေရှုကလည်း "သင်တို့သည် အောက်သားဖြစ်ကြ၏။ ငါမူကား အထက်သား ဖြစ်၏။ သင်တို့သည် လောကီသားဖြစ်ကြ၏။ ငါမူကား လောကီသားမဟုတ်၊ .... ငါအမှန်အကန်ဆိုသည်ကား အာဗြဟံမဖြစ်မီ ငါဖြစ်၏" ဟု မိန့်တော်မူ၏။

**ရှင်ယောဟန် ၈း၂၃၊၅၈**

မိန်းမကလည်း "မေရှိကြွလာတော်မူသည်ဟု အကျွန်ုပ်သိပါ၏။ ရောက်တော်မူသော အခါ အကျွန်ုပ်တို့အား အလုံးစုံတို့ကို ဖော်ပြတော်မူမည်" ဟု လျှောက်ပြန်၏။ မေရှိအနက် ကား ခရစ်တော်ဟု ဆိုလိုသတည်း။ ယေရှုကလည်း "သင်နှင့်စကားပြောသောငါသည် မေရှိပင်ဖြစ်သည်" ဟု မိန့်တော်မူ၏။ **ရှင်ယောဟန် ၄း၂၅–၂၆**

ယေရှုကလည်း ငါသည်အသက်မုန့်ဖြစ်၏။ ငါ့ထံသို့လာသောသူသည် နောက်တစ်ဖန် အဆာအမွတ် မခံရ။ ငါ့ကိုယုံကြည်သောသူသည် နောက်တစ်ဖန် ရေငတ်မခံရ။

**ရှင်ယောဟန် ၆း၃၅**

ငါသည် ဤလောက၌ရှိစဉ်တွင် ဤလောက၏ အလင်းဖြစ်၏။ **ရှင်ယောဟန် ၉း၅**

ယေရှုက "ငါအမှန်အကန်ဆိုသည်ကား ငါသည် သိုးဝင်သောတံခါးဝဖြစ်၏" ဟု မိန့်တော်မူ၏။ **ရှင်ယောဟန် ၁၀း၇**

ယေရှုကလည်း ငါသည်ပြန်ရှင်ခြင်းအကြောင်း အသက်ရှင်ခြင်းအကြောင်းဖြစ်၏။ ငါ့ကိုယုံကြည်သောသူသည် သေလွန်သော်လည်း ရှင်လိမ့်မည်။ **ရှင်ယောဟန် ၁၁း၂၅**

သင်တို့သည် ငါ့ကို အရှင်ဘုရားဟူ၍၎င်း၊ သခင်ဟူ၍၎င်းခေါ်တတ်ကြ၏။ ထိုစကားလည်း ဟုတ်မှန်သောစကားဖြစ်၏။ အကြောင်းမူကား သင်တို့ခေါ်ကြသည့်အတိုင်း ငါမှန်၏။ **ရှင်ယောဟန် ၁၃း၁၃**

ယေရှုက ငါသည်လမ်းခရီးဖြစ်၏။ သမ္မာတရားလည်းဖြစ်၏။ အသက်လည်းဖြစ်၏။ ငါ့ကိုအမှီမပြုလျှင် အဘယ်သူမျှ ခမည်းတော်ထံသို့မရောက်ရ။ **ရှင်ယောဟန် ၁၄း၆**

# ယေရှုပြုသော အံ့ဖွယ်နိမိတ်လက္ခဏာအချို့

ထိုအခါ လူအစုအဝေးတို့ကို မြက်ပင်ပေါ်မှာလျောင်းကြစေဟု အမိန့်တော်ရှိ၍။ မုန့်ငါးလုံးနှင့် ငါးနှစ်ကောင်ကိုလည်းယူ၍ ကောင်းကင်သို့ကြည့်မျှော်လျက် ကျေးဇူးတော်ကို ချီးမွမ်းပြီးမှ မုန့်နှင့်ငါးကိုဖဲ့၍ တပည့်တော်တို့အား ပေးတော်မူ၏။ တပည့်တော်တို့သည်လည်း လူအပေါင်းတို့အား ပေးကြ၏။ လူအပေါင်းတို့သည် စား၍ဝကြပြီးမှ ကြွင်းရစ်သော အကျိုးအပဲ့ကို ကောက်သိမ်း၍ တစ်ဆယ့်နှစ်တောင်းအပြည့်ရကြ၏။ စားသောသူ အရေအတွက်ကား မိန်းမနှင့်သူငယ်ကိုမဆိုဘဲ၊ ယောကျ်ားငါးထောင်မျှလောက်ရှိသတည်း။

**ရှင်မဿဲ ၁၄:၁၈–၂၁**

ရှိမုန်ကလည်း သခင်၊ အကျွန်ုပ်တို့သည် တစ်ညဉ့်လုံး ကြိုးစားသော်လည်း တစ်ကောင်ကိုမျှမရပါ။ သို့ရာတွင် အမိန့်တော်ရှိလျှင် ပိုက်ကွန်ကိုချပါမည်ဟု လျှောက်လေ၏။ ထိုသို့ချပြီးလျှင် အလွန်များစွာသောငါးတို့ကို အုပ်မိသဖြင့် ပိုက်ကွန်သည် စုတ်ပြတ်စရှိ၏။

**ရှင်လုကာ ၅:၅–၆**

ယေရှုသည် ကြွသွားတော်မူကြောင်းကို လမ်းနားမှာထိုင်နေသော လူကန်းနှစ်ယောက်တို့သည် ကြားရလျှင် ဒါဝိဒ်၏သားတော်အရှင်၊ အကျွန်ုပ်တို့ကို ကယ်မသနားတော်မူပါဟု ဟစ်ကြော်လေ၏။.... ယေရှုသည်လည်း ....သင်တို့၌ အဘယ်သို့ပြုစေလိုသနည်းဟု မေးတော်မူလျှင်၊ သခင်၊ အကျွန်ုပ်တို့ မျက်စိကိုပွင့်လင်းစေခြင်းငှာ ပြုတော်မူပါဟု လျှောက်ကြသော် ယေရှုသည် သနားခြင်းစိတ်တော်ရှိ၍ သူတို့၏ မျက်စိကိုလက်နှင့် တို့တော်မူ၏။ ထိုခဏချင်းတွင် ထိုသူတို့သည် မျက်စိမြင်၍ နောက်တော်သို့လိုက်ကြ၏။

**ရှင်မဿဲ ၂၀:၃၀၊၃၂–၃၄**

# ယေရှုခရစ်တော်သည် ဖန်ဆင်းရှင်နှင့်သခင် ဖြစ်တော်မူ၏

....အလုံးစုံတို့ကို ယေရှုခရစ်တော်အားဖြင့် ဖန်ဆင်းတော်မူသောဘုရားသခင် ....

**ဧဖက် ၃း၉(ခ)**

သားတော်သည် ကောင်းကင်ပေါ်မြေကြီးပေါ်မှာရှိသမျှသော၊ ရူပအရာ၊ အရူပအရာ၊ ရာဇပလ္လင်ဖြစ်စေ၊ အစိုးရခြင်းတန်ခိုးဖြစ်စေ၊ အထွဋ်အမြတ်ဖြစ်စေ၊ အာဏာစက်ဖြစ်စေ၊ ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းတော်မူ၏။ ထိုသခင်အားဖြင့်၎င်း၊ ထိုသခင်အဖို့အလို့ငှာ၎င်း၊ ခပ်သိမ်းသောအရာတို့သည် ဖန်ဆင်းလျက်ဖြစ်ကြ၏။ **ကောလောသဲ ၁း၁၆**

ထိုနှုတ်ကပတ်တော်သည် ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းတော်မူ၏။ ဖန်ဆင်းတော်မူခြင်းနှင့်ကင်းလွတ်လျက်ဖြစ်သောအရာတစ်စုံတစ်ခုမျှမရှိ။ **ရှင်ယောဟန် ၁း၃**

ယေရှုခရစ်သည် သခင်ဖြစ်တော်မူ၏ဟု နှုတ်နှင့်ဝန်ခံသဖြင့် ခမည်းတော်ဘုရား၏ ဘုန်းအသရေတော်ကို ထင်ရှားစေကြမည်အကြောင်းတည်း။ **ဖိလိပ္ပိ ၂း၁၁**

ဘုရားသခင်သည်၊ ဤနောက်ဆုံးသောကာလအခါ၊ မိမိသားတော်အားဖြင့် ငါတို့အား ဗျာဒိတ်ပေးတော်မူပြီ။ ထိုသားတော်ကို အလုံးစုံတို့၏အမွေခံ သခင်အရာ၌ ခန့်ထားတော်မူ၏။ သားတော်အားဖြင့်လည်း လောကဓါတ်တို့ကို တည်တော်မူ၏။ **ဟေဗြဲ ၁း၁(ခ)-၂**

ထို့ကြောင့် သင်တို့သည် လက်ဝါးကပ်တိုင်မှာ ကွပ်မျက်သော ယေရှုကို ဘုရားသခင်သည် ခရစ်တော်အရာ၌၎င်း၊ အစိုးရသောအရှင်အရာ၌၎င်း ခန့်ထားတော်မူသည်အကြောင်းကို ဣသရေလအမျိုးအပေါင်းတို့ အတပ်အမှန်သိမှတ်ကြလော့ဟု ပေတရု ဟောလေ၏။ **တမန်တော် ၂း၃၆**

ခရစ်တော်သည်သေသောသူတို့ကို၎င်း၊ ရှင်သောသူတို့ကို၎င်း၊ အစိုးရသောအရှင် ဖြစ်စေလိုသောငှါ အသေခံ၍ ခံပြီးမှ အသက်ရှင်ပြန်တော်မူ၏။ **ရောမ ၁၄း၉**

ငါတို့သခင်တည်းဟူသော သားတော်မြတ်သခင်ယေရှုနှင့် ဆက်ဆံခြင်းကျေးဇူးတော်ကို သင်တို့အားပေးတော်မူသော ဘုရားသခင်သည် သစ္စာနှင့်ပြည့်စုံတော်မူ၏။

**၁ ကောရိန္သု ၁း၉**

# ယေရှုခရစ်တော်သည် ခပ်သိမ်းသောလူတို့ကို တရားစီရင်မည့်သူ ဖြစ်တော်မူ၏

သင်သည်ညီအစ်ကိုချင်းကို အဘယ်ကြောင့် စစ်ကြောစီရင်သနည်း။ ညီအစ်ကိုချင်းကို အဘယ်ကြောင့် မထီမဲ့မြင်ပြုသနည်း။ ငါတို့ရှိသမျှသည် ခရစ်တော်၏ တရားပလ္လင်ရှေ့သို့ ရောက်ရကြမည်။ **ရောမ ၁၄:၁၀**

ကိုယ်တော်တိုင် ပေါ်ထွန်း၍ နိုင်ငံတော်ထင်ရှားသောခေတ်ကာလ၊ အသက်ရှင်သောသူ၊ သေသောသူတို့ကို စင်ကြောစီရင်တော်မူသော သခင်ယေရှုခရစ်ရှေ့မှာငင်း၊ ဘုရားသခင်ရှေ့မှာငင်း၊ ငါသည်သင့်ကို သစ္စာပေးသည်။ **၂ တိမောသေ ၄:၁**

လူသားသည် မိမိဘုန်းအာနုဘော်ကိုဆောင်လျက်၊ သန့်ရှင်းသော ကောင်းကင်တမန်များ အခြံအရံတို့နှင့်တစ်ကွ ကြွလာတော်မူသောအခါ၊ ဘုန်းရှိသောပလ္လင်တော်ပေါ်မှာထိုင်၍၊ ရှေ့တော်၌လူမျိုးအပေါင်းတို့ကို စုဝေးစေသဖြင့် သိုးထိန်းသည်သိုးနှင့် ဆိတ်တို့ကိုတစ်ခြားစီ ခွဲထားသကဲ့သို့ လူအပေါင်းတို့ကို သီးခြားခွဲထားသည်။ **ရှင်မဿဲ ၂၅:၃၁-၃၂**

လူအပေါင်းတို့သည် ခမည်းတော်ကိုရိုသေသည်နည်းတူ သားတော်ကိုရိုသေစေမည် အကြောင်း ခမည်းတော်သည် ဘယ်သူကိုမျှ တရားစီရင်တော်မမူ။ **ရှင်ယောဟန် ၅:၂၂**

ငါဟောပြောသော ဧဝံဂေလိတရားအတိုင်း ဘုရားသခင်သည် ယေရှုခရစ်အားဖြင့် လူတို့၏ မထင်ရှားသောအမှုအရာတို့ကို စစ်ကြောစီရင်တော်မူသောနေ့၌ ထိုသို့စီရင်တော်မူလတ္တံ့။ **ရောမ ၂:၁၆**

ထိုသခင်သည်လည်း အသက်ရှင်သူတို့နှင့် သေသူတို့ကို တရားစီရင်သောသခင် ဖြစ်စေခြင်းငှာ၊ ဘုရားသခင်ခန့်ထားတော်မူကြောင်းကို လူအပေါင်းတို့အား ဟောပြောကြလော့၊ သက်သေခံကြလော့ဟု ငါတို့အားပညတ်ထားတော်မူ၏။ **တမန်တော် ၁၀:၄၂**

# ခရစ်တော်တစ်ပါးတည်းအားဖြင့်သာ ရွေးနုတ်ကယ်တင်တော်မူခြင်း

ငါသည်တံခါးဝဖြစ်၏။ ငါဖြင့်ဝင်သောသူသည် ဘေးနှင့်ကင်းလွတ်လျက် ထွက်ဝင်၍ ကျက်စားရာကိုတွေ့ရလိမ့်မည်။ **ရှင်ယောဟန် ၁၀း၉**

ယေရှုက – ငါသည်လမ်းခရီးဖြစ်၏။ သမ္မာတရားလည်းဖြစ်၏။ အသက်လည်းဖြစ်၏။ ငါ့ကိုအမှီမပြုလျှင် အဘယ်သူမျှခမည်းတော်ထံသို့မရောက်ရ။ **ရှင်ယောဟန် ၁၄း၆**

ယေရှုက "သင်တို့သည်ကိုယ်အပြစ်၌ သေကြလိမ့်မည်ဟု ငါဆို၏။ ငါသည် ဤမည်သောသူဖြစ်သည်ကို သင်တို့သည်မယုံလျှင် ကိုယ်အပြစ်၌သေကြလိမ့်မည်" ဟု မိန့်တော်မူ၏။ **ရှင်ယောဟန် ၈း၂၄**

ခရစ်တော်သည် စုံလင်ခြင်းသို့ရောက်ပြီးမှ ယုံကြည်နားထောင်သောသူ အပေါင်းတို့အား ထာဝရကယ်တင်ခြင်း ကျေးဇူးကိုပြုသောသူဖြစ်တော်မူ၏။ **ဟေဗြဲ ၅း၉**

အဘယ်ကြောင့်နည်းဟူမူကား လူအပေါင်းတို့သည် ဒုစရိုက်ကိုပြု၍ ဘုရားသခင့်ရှေ့တော်၌ အသရေပျက်ကြပြီ။ ယေရှုခရစ်၌ ရွေးနုတ်တော်မူသောအားဖြင့် အဖိုးမပေးရဘဲ ဘုရားသခင်၏ကျေးဇူးတော်ကြောင့် ဖြောင့်မတ်ရာသို့ ရောက်ရကြ၏။ **ရောမ ၃း၂၄**

ထို့ကြောင့် အကြင်သူတို့သည် ယေရှုခရစ်အားဖြင့် ဘုရားသခင့်အထံတော်သို့ ချဉ်းကပ်ကြ၏။ ထိုသူတို့၏အမှုကို ကိုယ်တော်သည်စောင့်လျက်၊ ကာလအစဉ် အသက်ရှင်သောကြောင့် သူတို့ကို အစဉ်ကယ်တင်ခြင်းငှာ တတ်နိုင်တော်မူ၏။ **ဟေဗြဲ ၇း၂၅**

ထိုသခင်၏ နာမတော်မှတစ်ပါး ငါတို့ကိုကယ်တင်နိုင်သော နာမတစ်စုံတစ်ခုမျှ ကောင်းကင်အောက်လူတို့တွင် မပေါ်မရှိ။ **တမန်တော် ၄း၁၂**

အမျက်တော်ကိုခံစေခြင်းငှါ ငါတို့ကို ဘုရားသခင်ခန့်ထားတော်မူသည်မဟုတ်။ ငါတို့သခင်ယေရှုခရစ်အားဖြင့်ကယ်တင်ခြင်းကိုပိုင်ရစေခြင်းငှါခန့်ထားတော်မူ၏။

**၁ သက်သာလောနိ ၅း၉**

# ခရစ်တော်တစ်ပါးတည်းအားဖြင့်သော
# ရွေးနုတ်ကယ်တင်တော်မူခြင်း

ထိုဘုရားသခင်အားဖြင့် သင်တို့သည် ယေရှုခရစ်၌ တည်နေကြ၏။ ထိုသခင်မူကား ဘုရားသခင်စီရင်တော်မူသည်အတိုင်း ငါတို့၌ ပညာမှစ၍ ဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်း၊ ရွေးနုတ်ခြင်းဖြစ်တော်မူ၏။ **၁ ကောရိန္သု ၁:၃၀**

ထိုသခင်ယေရှုခရစ်သည် ခပ်သိမ်းသောဒုစရိုက်မှ ငါတို့ကိုရွေးနုတ်ခြင်းငှာ၎င်း၊ ကောင်းသောအကျင့်ဘက်၌ စိတ်အားကြီး၍ ပိုင်ထိုက်တော်မူသောအမျိုးကို မိမိအဖို့ စင်ကြယ်စေခြင်းငှာ၎င်း ကိုယ့်ကိုကိုယ် စွန့်ကြဲတော်မူပြီ။ **တိတု ၂:၁၄**

အလင်း၌နေသော သန့်ရှင်းသူတို့၏အမွေကို ငါတို့သည် ဆက်ဆံဝင်စားထိုက်မည် အကြောင်း ကျေးဇူးပြုတော်မူ၏။ မှောင်မိုက်တန်ခိုးမှလည်း ငါတို့ကိုနုတ်၍ ချစ်တော်မူသော သားတော်၏နိုင်ငံထဲသို့ သွင်းတော်မူ၏။ ထိုသားတော်၏သွေးအားဖြင့် အပြစ်လွှတ်တော် မူခြင်းတည်းဟူသောရွေးနုတ်တော်မူခြင်းကျေးဇူးကိုငါတို့သည်ခံရကြ၏။

**ကောလောသဲ ၁:၁၂–၁၄**

လူသားသည် ပျောက်သောသူတို့ကိုရှာ၍ ကယ်တင်အံ့သောငှာ ကြွလာသတည်း။

**ရှင်လုကာ ၁၉:၁၀**

ကိုယ်တော်သည် အသေသတ်ခြင်းကိုခံတော်မူသောအားဖြင့် အသီးသီးဘာသာ စကားကိုပြောသော လူမျိုးနွယ်ခပ်သိမ်းတို့အထဲမှ အကျွန်ုပ်တို့ကိုယူ၍ အသွေးတော်နှင့် ဘုရားသခင်အဖို့ ရွေးနုတ်တော်မူ၏။ .... ထို့ကြောင့် ကိုယ်တော်သည် စာစောင်ကိုခံယူ၍ တံဆိပ်တို့ကိုဖွင့်ထိုက်တော်မူ၏ဟု အသစ်သောသီချင်းကိုသီ၍ လျှောက်ဆိုကြ၏။

**ဗျာဒိတ် ၅:၉**

ခရစ်တော်သည်ငါတို့ကိုချစ်တော်မူသောအားဖြင့် ဘုရားသခင့်ရှေ့တော်၌ မွှေးကြိုင် သောအနံ့ရှိစေခြင်းငှါမိမိကိုယ်ကိုဆက်ကပ်၍ယဇ်ပူဇော်လျက်ငါတို့အတွက်စွန့်တော်မူသည် နည်းတူ မေတ္တာ၌ အသက်ရှင်ကျင်လည်ကြလော့။ **ဧဖက် ၅:၂**

# ခရစ်တော်၏အသွေးတော်အားဖြင့် ရွေးဝယ်တော်မူခြင်း

သို့ဖြစ်၍ ယခုတွင် အသွေးတော်အားဖြင့် ဖြောင့်မတ်ရာသို့ရောက်ပြီးမှ ထိုသခင်အားဖြင့် အပြစ်ငရဲမှ ကယ်ချွတ်တော်မူခြင်းသို့ရောက်မည်ဟု သာ၍မျှော်လင့်စရာရှိ၏။ **ရောမ ၅း၉**

များလှစွာသော ကျေးဇူးတော်သည် ကြွယ်ဝပြည့်စုံသည်နှင့်အညီ ထိုသားတော်၏ အသွေးအားဖြင့် အပြစ်လွှတ်တော်မူခြင်းတည်းဟူသော ရွေးနုတ်တော်မူခြင်းကျေးဇူးကို ငါတို့သည် ခံရကြ၏။ **ဧဖက် ၁း၇**

ဤခွက်ကား ပဋိညာဉ်တရားသစ်နှင့်ဆိုင်၍ လူများတို့၏အပြစ်ကို လွှတ်စေခြင်းငှာ သွန်းသော ငါ၏သွေးဖြစ်၏။ **ရှင်မဿဲ ၂၆း၂၈**

မိစ္ဆာဘဆက်ကျင်လည်သော အချည်းနှီးကျင့်ကြံပြုမူခြင်းမှ၊ ဖောက်ပြန်ပျက်စီးတတ်သည့် ရွှေ ငွေအစရှိသောဥစ္စာနှင့် သင်တို့ကိုရွေးတော်မူသည်မဟုတ်၊ အဘယ်အပြစ်မျှမရှိ၊ အညစ်အကြေးနှင့်ကင်းစင်သော သိုးသူငယ်၊ ခရစ်တော်၏အသွေးတော်မြတ်နှင့် ရွေးတော်မူသည်ကို သိမှတ်ကြလော့။ **၁ ရှင်ပေတရု ၁း၁၈–၁၉**

ဘုရားသခင်သည် အလင်း၌ရှိတော်မူသကဲ့သို့ ငါတို့သည် အလင်း၌ကျင်လည်လျှင် အချင်းချင်းမိတ်သဟာယဖွဲ့ခြင်းရှိကြသည်ဖြစ်၍ ဘုရားသခင်၏သားတော် ယေရှုခရစ်၏ အသွေးတော်သည် ငါတို့အပြစ်ရှိသမျှကို ဆေးကြောတော်မူ၏။ **၁ ရှင်ယောဟန် ၁း၇**

ထိုမျှမကအပြစ်ကင်းသောကိုယ်တော်ကို ထာဝရဝိညာဉ်တော်အားဖြင့် ဘုရားသခင်ရှေ့၌ တင်လှူပူဇော်သော ခရစ်တော်၏သွေးသည် သေခြင်းနှင့်စပ်ဆိုင်သောအကျင့်ကို ပယ်ရှင်း၍ သင်တို့သည် အသက်ရှင်တော်မူသော ဘုရားသခင်ကို ဝတ်ပြုမည်အကြောင်း သင်တို့၌ ကိုယ့်ကိုကိုယ်သိသောစိတ်ကို စင်ကြယ်စေခြင်းငှာ သာ၍တတ်နိုင်တော်မူသည် မဟုတ်လော။ **ဟေဗြဲ ၉း၁၄**

ငါတို့သခင် ယေရှုခရစ်အားဖြင့် ပြန်လည်သင့်မြတ်ခြင်းကျေးဇူးကို ယခုခံပြီးလျှင် ထိုသခင်အားဖြင့်ဘုရားသခင်၌ဂုဏ်ယူဝမ်းမြောက်ခြင်းရှိကြ၏။ **ရောမ ၅း၁၁(ခ)**

# ခရစ်တော်ကိုယုံကြည်ခြင်းဖြင့်ရသောကယ်တင်ခြင်း

ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ရောက်ရ၏။ ကိုယ့်အလိုအလျောက် ရောက်သည်မဟုတ်။ ဘုရားသခင်သနားတော်မူရာဖြစ်သတည်း။ ကိုယ့်ကုသိုလ်ကြောင့် ကယ်တင်တော်မူခြင်းသို့ ရောက်သည်မဟုတ်။ သို့ဖြစ်၍ အဘယ်သူမျှ ဝါကြွားစရာအခွင့်မရှိ။ **ဧဖက် ၂:၈-၉**

ထို့ကြောင့်ငါတို့သည် ယုံကြည်ခြင်းရှိ၍ ဖြောင့်မတ်ရာသို့ရောက်လျှင် ငါတို့သခင် ယေရှုခရစ်အားဖြင့်ဘုရားသခင့်ရှေ့တော်၌ငြိမ်သက်ခြင်းကိုခံစားကြ၏။ **ရောမ ၅:၁**

ယေရှုခရစ်၌ အရေဖျားလှီးခြင်းအကျိုးမရှိ။ မခံဘဲနေခြင်းလည်း အကျိုးမရှိ။ မေတ္တာအားဖြင့်ပြုပြင်တတ်သောယုံကြည်ခြင်းသာအကျိုးရှိ၏။ **ဂလာတိ ၅:၆**

ယုံကြည်လျှင် သင်နှင့်သင်၏အိမ်သူအိမ်သားတို့သည် ကယ်တင်ခြင်းသို့ ရောက်ကြလိမ့်မည်။ **တမန်တော် ၁၆:၃၁(ခ)**

ဘုရားသခင်၏သားတော်ဖြစ်သောသူမည်သည်ကား၊ လောကကိုအောင်တတ်၏။ လောကကိုအောင်ခြင်းအကြောင်းမူကား၊ ငါတို့၏ယုံကြည်ခြင်းပေတည်း။

**၁ ရှင်ယောဟန် ၅:၄**

ထိုသူတို့ကလည်း ဘုရားသခင်၏ အလိုတော်နှင့်ညီသော အကျင့်ကိုကျင့်ခြင်းငှာ အဘယ်သို့ပြုရပါမည်နည်းဟု မေးလျှောက်ကြ၏။ ယေရှုကလည်း ဘုရားသခင် စေလွှတ်တော်မူသောသူကို ယုံကြည်ခြင်းအကျင့်ကား အလိုတော်နှင့်ညီသောအကျင့်တည်းဟု မိန့်တော်မူ၏။ **ရှင်ယောဟန် ၆:၂၈-၂၉**

ယေရှုသည်ခရစ်တော်တည်းဟူသော ဘုရားသခင်၏ သားတော်ဖြစ်တော်မူသည်ကို သင်တို့သည်ယုံမည်အကြောင်း၊ ထိုသို့ယုံ၍ နာမတော်အားဖြင့် အသက်ကိုရမည်အကြောင်း ဤမျှလောက်ရေးထားလျက်ရှိသတည်း။ **ရှင်ယောဟန် ၂၀:၃၁**

# ဘုရားသခင်၏ကရုဏာတော်

မြေကြီးအထက်တွင် ကောင်းကင်အမြင့်ရှိသည့်အတိုင်း ထာဝရဘုရားကို ကြောက်ရွံ့သောသူတို့၌ ကရုဏာတော်သည် အားကြီးပေ၏။ .... ထာဝရဘုရား၏ ကရုဏာတော်မူကား၊ ကြောက်ရွံ့သောသူတို့ပေါ်သို့ ကာလအစဉ်အဆက်သက်ရောက်တတ်၏။

**ဆာလံ ၁၀၃း၁၁၊၁၇**

သနားခြင်းကရုဏာ၏အဘ၊ သက်သာခြင်းအမျိုးမျိုးတို့၏အရှင်၊ ငါတို့သခင်ယေရှုခရစ်တော်၏ ခမည်းတော်ဘုရားသခင်သည် မင်္ဂလာရှိတော်မူစေသတည်း။

**၂ ကောရိန္သု ၁း၃**

အပြစ်မှလွှတ်တော်မူထသော၊ ကျန်ကြွင်းသောအမွေတော်လူတို့၏ လွန်ကျူးခြင်းများကို သည်းခံတော်မူထသော၊ ကရုဏာ၌မွေ့လျော်သောကြောင့် အစဉ်အမျက်ထွက်တော်မမူသော ကိုယ်တော်ကဲ့သို့ အဘယ်ဘုရားရှိပါသနည်း။ **မိက္ခာ ၇း၁၈**

အကြောင်းမူကား ကရုဏာတော်သည် ကောင်းကင်သို့၎င်း၊ သစ္စာတော်သည် မိုးတိမ်သို့၎င်းမှီပါ၏။ **ဆာလံ ၁၀၈း၄**

ထာဝရဘုရားသည် သနားတော်မူ၍ ကရုဏာတော်သည် မကုန်သောကြောင့် ငါတို့သည် ဆုံးရှုံးခြင်းသို့မရောက်ဘဲ နေကြ၏။ နံနက်တိုင်း ကရုဏာတော်အသစ်ကို ခံကြရ၏။ သစ္စာတော်သည် ကြီးမြတ်ပါ၏။ **ယေရမိမြည်တမ်း ၃း၂၂-၂၃**

ငါတို့ကျင့်သော ဖြောင့်မတ်ခြင်းအကျင့်အားဖြင့်မဟုတ်ဘဲ မိမိသနားခြင်းကရုဏာတော်နှင့်အညီ ဒုတိယမွေးခြင်းနှင့်ဆိုင်သော ဆေးကြောခြင်းအားဖြင့်၎င်း၊ သန့်ရှင်းသောဝိညာဉ်တော်၏ အသစ်ပြုပြင်ခြင်းအားဖြင့်၎င်း ငါတို့ကို ကယ်တင်တော်မူ၏။ **တိတု ၃း၅**

# ဘုရားသခင်သည် သူ့ထံတော်သို့လာရန် ကမ်းလှမ်းဖိတ်ခေါ်လျက်ရှိပါသည်

ထာဝရဘုရားမိန့်တော်မူသည်ကား၊ လာကြ။ တရားစီရင်ကြကုန်အံ့။ သင်တို့အပြစ်သည် နီသောအဆင်းရှိသော်လည်း မိုးပွင့်ကဲ့သို့ဖြူလိမ့်မည်။ ကတ္တီပါနီနှင့်အမျှနီသော်လည်း သိုးမွေးကဲ့သို့ဖြစ်လိမ့်မည်။ **ဟေရှာယ ၁း၁၈**

ဝိညာဉ်တော်နှင့် မင်္ဂလာဆောင်သတို့သမီးက လာခဲ့ပါဟုဆိုကြ၏။ ကြားသောသူကလည်း လာခဲ့ပါဟု ဆိုပါစေ။ ရေငတ်သောသူသည် လာပါစေ။ အလိုရှိသောသူသည် အဖိုးကိုမပေးဘဲ အသက်ရေကိုယူပါစေ။ **ဗျာဒိတ် ၂၂း၁၇**

အို..ရေငတ်သောသူအပေါင်းတို့၊ ရေရှိရာသို့ လာကြလော့။ ငွေမရှိသောသူတို့ လာကြ။ ဝယ်၍စားသောက်ကြလော့။ ငွေမပါဘဲ၊ အဖိုးကိုမပေးဘဲလာ၍စပျစ်ရည်နှင့်နို့ကို ဝယ်ကြလော့။ **ဟေရှာယ ၅၅း၁**

ထိုပွဲကိုခံ၍ နောက်ဆုံးဖြစ်သောနေ့မြတ်၌ ယေရှုသည်ရပ်၍ ကြွေးကြော်တော်မူသည်ကား ရေငတ်သောသူရှိလျှင် ငါ့ထံသို့လာ၍သောက်လော့။ **ရှင်ယောဟန် ၇း၃၇**

ယေရှုသည် မြင်တော်မူလျှင် အမျက်တော်ထွက်၍ ''ထိုသူငယ်တို့ကို ငါ့ထံသို့ လာပါလေစေ။ မဆီးတားကြနှင့်။ ဘုရားသခင်၏ နိုင်ငံတော်သည် ထိုသို့သောသူတို့၏ နိုင်ငံဖြစ်၏'' ဟုမိန့်တော်မူ၏။ **ရှင်မာကု ၁၀း၁၄**

ဝန်လေး၍ပင်ပန်းသောသူအပေါင်းတို့၊ ငါ့ထံသို့လာကြလော့။ ငါသည်ချမ်းသာ ပေးမည်။ **ရှင်မဿဲ ၁၁း၂၈**

# လူသားတိုင်းသည်ဘုရားသခင်၏
# သားသမီးများမဟုတ်ကြသေးပါ

ထိုသို့သောလက္ခဏာအားဖြင့် ဘုရားသခင်၏သားတို့နှင့် မာရ်နတ်၏သားတို့သည် ထင်ရှားကြ၏။ ဖြောင့်မတ်ခြင်းတရားကို မကျင့်သောသူ၊ မိမိညီအစ်ကိုကို မချစ်သောသူ မည်သည်ကား ဘုရားသခင်နှင့်မဆိုင်။ **၁ ရှင်ယောဟန် ၃း၁၀**

ဘုရားသခင်၏ဝိညာဉ်တော် ဆုံးမပဲ့ပြင်တော်မူသမျှသော သူတို့သည် ဘုရားသခင်၏ သားဖြစ်ကြ၏။ အကြောင်းမူကား၊ သင်တို့သည် တစ်ဖန်ကြောက်ရွံ့တတ်သော ကျွန်၏ သဘောကို ရကြသည်မဟုတ်။ အဗ္ဗအဘဟု ခေါ်ရသောအခွင့်နှင့် သားဖြစ်ခြင်း၏သဘောကို ရကြပြီ။ **ရောမ ၈း၁၄–၁၅**

သို့ပြုလျှင် ပြစ်တင်ခွင့်မရှိ၊ အဘယ်သူကိုမျှ မပြစ်မှားဘဲနေ၍ မဖြောင့်မမှန် ဖောက်ပြန်သောလူမျိုးအထဲ၌ အဘယ်အပြစ်မျှမပါသော ဘုရားသခင်၏သား ဖြစ်ကြလိမ့် မည်။ အသက်ရှင်ခြင်းနှင့်ဆိုင်သော နှုတ်ကပတ်တရားတော်ကို ပြသ၍ စကြာဝဠာ၌နေ၊ လ၊ ကြယ်နက္ခတ်ကဲ့သို့ ထိုလူမျိုးအထဲ၌ ထွန်းလင်းကြ၏။ **ဖိလိပ္ပိ ၂း၁၅**

ထို့ကြောင့် ထာဝရဘုရားမိန့်တော်မူပြန်သည်ကား။ သင်တို့သည် ထိုသူတို့အထဲမှ ထွက်၍ အသီးအခြားနေကြလော့။ မစင်ကြယ်သောအရာကို လက်နှင့်မျှမတို့ကြနှင့်။ ထိုသို့ပြုလျှင် သင်တို့ကို ငါသည်လက်ခံမည်။ သင်တို့၏ အဘဖြစ်မည်။ သင်တို့သည်လည်း ငါ၏သားသမီးဖြစ်ကြလိမ့်မည်ဟု အနန္တတန်ခိုးနှင့် ပြည့်စုံသော ထာဝရဘုရားမိန့်တော်မူ၏။
**၂ ကောရိန္သု ၆း၁၇–၁၈**

ထိုသူကို လက်ခံသမျှသောသူတည်းဟူသော ကိုယ်တော်ကိုယုံကြည်သောသူတို့အား ဘုရားသခင်၏သားဖြစ်ရသောအခွင့်ကို ပေးတော်မူ၏။ **ရှင်ယောဟန် ၁း၁၂**

# ဘုရားသခင်မှ သေရည်သေရက်နှင့် ပတ်သက်၍ မိန့်တော်မူချက်များ

ဇာတိပကတိအကျင့်တို့သည် ထင်ရှားကြ၏။ ထိုအကျင့်တို့မူကား သူ့မယားကို ပြစ်မှားခြင်း၊ မတရားသောမေထုန်၌မှီဝဲခြင်း၊ ညစ်ညူးစွာကျင့်ခြင်း၊ ကိလေသာလွန်ကျူးခြင်း၊ ရုပ်တုကို ကိုးကွယ်ခြင်း၊ သူတစ်ပါးကို ပြုစားခြင်း၊ ရန်ငြိုးဖွဲ့ခြင်း၊ ရန်တွေ့ခြင်း၊ ဂုဏ်ပြိုင်ခြင်း၊ အမျက်ထွက်ခြင်း၊ ငြင်းခုန်ခြင်း၊ အချင်းချင်းကွဲပြားခြင်း၊ သင်းခွဲခြင်း၊ သူ့အကျိုးကိုငြူစူခြင်း၊ လူ့အသက်ကိုသတ်ခြင်း၊ ယစ်မျိုးကိုသောက်ကြူးခြင်း၊ ပွဲလုပ်ခြင်းမှစ၍ ထိုသို့သောအကျင့်ပေတည်း။ ထိုသို့သောသူတို့သည် ဘုရားသခင်၏နိုင်ငံတော်ကို အမွေမခံရကြဟု အထက်က ငါပြောနှင့်ခဲ့ပြီးသည်အတိုင်းယခုပင်လည်းငါပြောနှင့်၏။ **ဂလာတိ ၅:၁၉ – ၂၁**

ပွဲလုပ်ခြင်း၊ ယစ်မျိုးသောက်ကြူးခြင်း၊ မတရားသောမေထုန်၌ မှီဝဲခြင်း၊ ကိလေသာ ညစ်ညူးခြင်း၊ ရန်တွေ့ ခြင်း၊ ဂုဏ်ပြိုင်ခြင်းအမှုတို့ကို ကြဉ်ရှောင်၍ နေ့အချိန်၌ကဲ့သို့ တင့်တယ်လျောက်ပတ်စွာ ကျင့်ဆောင်ပြုမူကြကုန်အံ့။ သခင်ယေရှုခရစ်ကို ယူ၍တင် ဝတ်ဆောင်ကြလော့။ ကိုယ်ကာယ၏တပ်မက်ခြင်းအလို့ငှာ မကြံစည်ကြနှင့်။

**ရောမ ၁၃:၁၃ – ၁၄**

သေရည်သေရက်ကိုသောက်အံ့သောငှာ၊ နံနက်စောစောထ၍ စပျစ်ရည်နှင့် ယစ်မူးအံ့သောငှာ၊ ညဉ့်ကိုလည်း လွန်စေတတ်သောသူတို့သည် အမင်္ဂလာရှိကြ၏။

**ဟေရှာယ ၅:၁၁**

ဖလား၌နီလျက်၊ ရောင်တောက်လျက်၊ အချိုအမြိန်ဝင်လျက်ရှိသော စပျစ်ရေကို မကြည့်ရှုနှင့်။ နောက်ဆုံး၌ မြွေကဲ့သို့ ကိုက်တတ်၏။ မြွေဆိုးကဲ့သို့ နာစေတတ်၏။

**သုတ္တံ ၂၃:၃၁ – ၃၂**

စပျစ်ရည်သည် လှည့်စားတတ်၏။ သေရည်သေရက်သည် ရန်းရင်းဆန်ခတ်ပြုခြင်း အမှုကိုဖြစ်စေတတ်၏။ ထိုသို့သောအားဖြင့် မှားယွင်းသောသူသည် ပညာမရှိ။ **သုတ္တံ ၂၀:၁**

# ရိုးသားဖြောင့်မတ်ခြင်းသည် မလုံလောက်ပါ

ယေရှုက၊ သင်၏ဘုရားသခင် ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့၊ ဉာဏ်ရှိသမျှနှင့် ချစ်လော့၊ ဟူသောပညတ်သည် ပဌမပညတ်ဖြစ်၏။ ကြီးမြတ်သော ပညတ်လည်းဖြစ်၏။

**ရှင်မဿဲ ၂၂း၃၇-၃၈**

လမ်းမှာကြွတော်မူစဉ်တွင် လူတစ်ယောက်သည် အထံတော်သို့ပြေး၍ ဒူးထောက်လျက်၊ ကောင်းမြတ်သောဆရာ၊ ထာဝရအသက်ကို အမွေခံရအံ့သောငှါ အကျွန်ုပ်သည် ဘယ်အမှုကိုပြုရပါမည်နည်းဟု မေးလျှောက်သော်၊ ယေရှုက ငါ့ကိုကောင်းမြတ်သည်ဟု အဘယ်ကြောင့်ခေါ်သနည်း။ ဘုရားသခင်တစ်ပါးတည်းသာ ကောင်းမြတ်တော်မူ၏။ သင်သည်ပညတ်တော်တို့ကို သိသည်မဟုတ်လော။ သူ့မယားကိုမပြစ်မှားနှင့်။ လူ့အသက်ကို မသတ်နှင့်။ သူ့ဥစ္စာကိုမခိုးနှင့်။ မမှန်သောသက်သေကိုမခံနှင့်။ သူ့ဥစ္စာကို မတရားသဖြင့် မသိမ်းနှင့်။ မိဘကိုရိုသေစွာပြုလော့ဟု မိန့်တော်မူလျှင်၊ အရှင်ဘုရား၊ ထိုပညတ်ရှိသမျှတို့ကို အကျွန်ုပ်သည်ငယ်သောအရွယ်မှစ၍ စောင့်လျှောက်ပါပြီဟု လျှောက်ပြန်လျှင် ယေရှုသည် ထိုသူကိုကြည့်ရှုလျက် ချစ်သောစိတ်ရှိ၍၊ သင်သည် တစ်ခုလိုသေး၏။ သွားလော့။ ကိုယ့်ဥစ္စာရှိသမျှကို ရောင်း၍ဆင်းရဲသောသူတို့အားပေးလော့။ ထိုသို့ပြုလျှင် ကောင်းကင်ဘုံ၌ ဘဏ္ဍာကိုရလိမ့်မည်။ သို့ပြီးမှလာ၍ လက်ဝါးကပ်တိုင်ကိုထမ်းလျက် ငါ့နောက်သို့ လိုက်လော့ဟု မိန့်တော်မူ၏။ ထိုသူသည် များစွာသောဥစ္စာကို ရတတ်သောသူဖြစ်၍ ထိုစကားကိုကြားလျှင် မျက်နှာပျက်၍စိတ်မသာသည်နှင့် သွားလေ၏။

**ရှင်မာကု ၁၀း၁၇-၂၂**

လူထင်သည်အတိုင်း မှန်သောလက္ခဏာရှိသော်လည်း အဆုံး၌သေခြင်းသို့ပို့သော လမ်းတစ်မျိုးရှိ၏။ **သုတ္တံ ၁၆း၂၅**

# လှည့်ဖျားခြင်းကို မခံနှင့်

အလွဲမယူကြနှင့်။ ဘုရားသခင်သည် မထီမဲ့မြင်ပြုခြင်းကို ခံတော်မမူ။ လူသည် မျိုးစေ့ကြဲသည်အတိုင်း အသီးအနှံကိုရိတ်ရလိမ့်မည်။ **ဂလာတိ ၆:၇**

ချစ်သားတို့၊ သင်တို့ကို အဘယ်သူမျှ မလှည့်ဖျားစေနှင့်။ အကြင်သူသည် ဖြောင့်မတ်ခြင်းတရားကိုကျင့်၏။ ကိုယ်တော်ဖြောင့်မတ်သည်နည်းတူ ထိုသူသည် ဖြောင့်မတ်ခြင်းရှိ၏။ မာရ်နတ်သည် ရှေ့ဦးစွာမှစ၍ ဒုစရိုက်ကိုပြုသောသူဖြစ်သောကြောင့် အကြင်သူသည်ဒုစရိုက်ကိုပြု၏။ ထိုသူသည် မာရ်နတ်နှင့်ဆိုင်၏။

**၁ ရှင်ယောဟန် ၃:၇-၈(က)**

မတရားသောသူတို့သည် ဘုရားသခင်၏နိုင်ငံတော်ကို အမွေမခံရသည်ကို သင်တို့ မသိကြသလော။ အလွဲမယူကြနှင့်။ မတရားသောမေထုန်၌မှီဝဲသောသူ၊ ရုပ်တုကိုးကွယ်သော သူ၊ သူ့မယားကိုပြစ်မှားသောသူ၊ ယောကျ်ားချင်းမေထုန်ကိုပြုသောသူ၊ ထိုအမှုကိုခံသောသူ၊ သူ့ဥစ္စာကိုခိုးသောသူ၊ လောဘလွန်ကျူးသောသူ၊ သေရည်သေရက်နှင့်ယစ်မူးသောသူ၊ ဆဲရေးကဲ့ရဲ့သောသူ၊ အနိုင်အထက်လုယူသောသူတို့သည် ဘုရားသခင်၏ နိုင်ငံတော်ကို အမွေမခံရကြ။ **၁ ကောရိန္သု ၆:၉-၁၀**

လျှပ်ပေါ်သောစကားဖြင့် အဘယ်သူမျှ သင်တို့ကို မလှည့်ဖျားစေနှင့်။ ထိုအမှုကြောင့် ဘုရားသခင်၏အမျက်တော်သည် ငြင်းဆန်တတ်သော သူတို့အပေါ်သို့ သင့်ရောက်ပေ၏။

**ဧဖက် ၅:၆**

ကိုယ့်ကိုကိုယ်လှည့်ဖျား၍ နှုတ်ကပတ်တရားတော်ကို နာရုံမျှသာ ပြုသောသူမဟုတ်၊ တရားကိုကျင့်သောသူ ဖြစ်ကြလော့။ **ရှင်ယာကုပ် ၁:၂၂**

အကြင်သူသည် ဘာမျှမဟုတ်ဘဲလျက် ငါဖြစ်သည်ဟုစိတ်ထင်လျှင် သူ့ကိုယ်သူ လှည့်ဖျားသောသူဖြစ်၏။ **ဂလာတိ ၆:၃**

အများသောသူတို့က ငါသည်ခရစ်တော်ဖြစ်၏ဟုဆိုလျက် ငါ၏အယောင်ကိုဆောင်၍ ပေါ်လာသဖြင့် လူအများတို့ကို လှည့်ဖျားကြလိမ့်မည်။ **ရှင်မဿဲ ၂၄:၅**

# အပြစ်သည်သေခြင်းကိုဖြစ်ပွားစေသည်

ဤအကြောင်းအရာဟူမူကား၊ အပြစ်တရားသည် တစ်ယောက်သောသူအားဖြင့် ဤလောကသို့ဝင်၍ အပြစ်တရားအားဖြင့် သေခြင်းတရားဝင်သည်နှင့်အညီ လူအပေါင်းတို့သည် အပြစ်ရှိသောကြောင့် သေခြင်းသို့ ရောက်ရကြ၏။ **ရောမ ၅း၁၂**

တပ်မက်သောစိတ်သည် ပဋိသန္ဓေယူ၍ ဒုစရိုက်ကို ဖွားတတ်၏။ ဒုစရိုက်သည်လည်း ပြည့်စုံလျှင် သေခြင်းကို ဖွားတတ်၏။ **ရှင်ယာကုပ် ၁း၁၅**

ဇာတိပကတိစိတ်သဘောသည် သေခြင်းအကြောင်းဖြစ်၏။ ဝိညာဉ်ပကတိစိတ်သဘောသည် အသက်ရှင်ခြင်းအကြောင်းနှင့် ငြိမ်သက်ခြင်းအကြောင်း ဖြစ်၏။ အဘယ်ကြောင့်နည်းဟူမူကား ဇာတိပကတိ စိတ်သဘောသည် ဘုရားသခင်နှင့် ဆန့်ကျင်ဘက်ဖြစ်၏။ ဘုရားသခင်၏တရားတော်အလိုသို့ မလိုက်တတ်။ ထိုမျှမက မလိုက်နိုင်။ **ရောမ ၈း၆–၇**

ပြစ်မှားသောသူ (စိတ်ဝိညာဉ်) သည် အသေခံရမည်။ သားသည် အဘ၏အပြစ်ကို မခံရ။ အဘသည် သား၏အပြစ်ကို မခံရ။ တရားသူသည် တရားစွာပြုခြင်းအကျိုးကိုငင်း၊ မတရားသူသည်မတရားစွာပြုခြင်းအပြစ်ကိုငင်းခံရလိမ့်မည်။ **ယေဇကျေလ ၁၈း၂၀**

သင်၏ညီမူကား အထက်ကသေ၏၊ ယခုရှင်ပြန်၏။ အထက်ကပျောက်၏၊ ယခုတွေ့ ပြန်၏။ ထို့ကြောင့် ပျော်မွေ့ဝမ်းမြောက်စရာအကြောင်းရှိ၏။ **ရှင်လုကာ ၁၅း၃၂**

ဖြောင့်မတ်ခြင်းတရားသည် အသက်ရှင်ခြင်းနှင့်ဆိုင်သကဲ့သို့ ဒုစရိုက်ကို လိုက်ရှာသောသူသည်လည်း မိမိသေခြင်းတိုင်အောင် လိုက်ရှာတတ်၏။ **သုတ္တံ ၁၁း၁၉**

အပြစ်တရား၏အခကား သေခြင်းပေတည်း။ **ရောမ ၆း၂၃(က)**

# ခရစ်တော်သည်သေခြင်းကိုအောင်မြင်တော်မူ၏

တန်ခိုးနှင့်တစ်ကွ ဘုရားသခင်၏သားတော်ထင်ရှားလျက် မိမိသားတော်ဖြစ်သော ငါတို့သခင်ယေရှုခရစ်ကိုအကြောင်းပြု၍ဘုရားသခင်သည်ရှေးကမိမိပရောဖက်များအားဖြင့် သန့်ရှင်းသောကျမ်းစာ၌ ကတိထားသည့် ဧဝံဂေလိတရားကို ဟောစေခြင်းငှာ တမန်တော် အရာ၌ငါပေါလုကိုယေရှုခရစ်၏ကျွန်အဖြစ် ရွေးချယ်ခွဲခန့်ထားတော်မူ၏။ **ရောမ ၁း၄**

ယေရှုက "လာဇရုထွက်၍ လာလော့" ဟု ကြီးသောအသံနှင့်ဟစ်ခေါ်တော်မူ၏။ ထိုအခါသေလွန်သောသူသည်မိမိခြေလက်၌ပုဆိုးနံ့ငယ်နှင့်ရစ်ပတ်လျက်၊ မျက်နှာကိုလည်း ပုဝါနှင့်စည်းလျက် ထွက်လာ၏။ ယေရှုကလည်း "သူ့ကိုဖြည်၍လွှတ်ကြလော့" ဟု မိန့်တော်မူ၏။ **ရှင်ယောဟန် ၁၁း၄၃-၄၄**

သခင်ဘုရားသည် အနီးသို့ကြွ၍ တလားကို လက်နှင့်တို့တော်မူသဖြင့်၊ ထမ်းသော သူတို့သည် ရပ်၍နေကြ၏။ ကိုယ်တော်ကလည်း "အချင်းလုလင် ထလော့။ သင့်အား ငါအမိန့်ရှိသည်" ဟု မိန့်တော်မူလျှင် သေသောသူသည် ထိုင်၍စကားပြော၏။

**ရှင်လုကာ ၇း၁၃(ခ)-၁၄**

ငါသည် ကိုယ့်အသက်ကိုစွန့်၍ နောက်တစ်ဖန် ယူဦးမည်ဖြစ်သောကြောင့် ငါ့ခမည်းတော်သည် ငါ့ကိုချစ်တော်မူ၏။ ငါ့အသက်ကို အဘယ်သူမျှ မလုမယူ။ ကိုယ့်အလိုအလျောက် ငါစွန့်၏။ ကိုယ့်အသက်ကို စွန့်ရသောအခွင့်နှင့် နောက်တစ်ဖန် ကိုယ့်အသက်ကို ယူပြန်ရသောအခွင့်သည် ငါ့၌ရှိ၏။ ထိုအခွင့်ကို ခမည်းတော်သည် ပေးတော်မူပြီ။ **ရှင်ယောဟန် ၁၀း၁၇-၁၈**

ငါသည် အသက်ရှင်သောသူဖြစ်၏။ ငါသည်အရင်သေသည်ဖြစ်၍ ကမ္ဘာ အဆက်ဆက် အသက်နှင့်ပြည့်စုံ၏။ မရဏာနှင့်မရဏာနိုင်ငံကိုလည်း ငါအစိုးရ၏။

**ဗျာဒိတ် ၁း၁၈**

ဖျက်ဆီးခံရမည့်နောက်ဆုံးရန်သူသည်သေမင်းဖြစ်၏။ **၁ ကောရိန္သု ၁၅း၂၆**

# ဘုရားသခင်၏ပညတ်တော်

ငါမှတပါးအခြားသောဘုရားကိုမကိုးကွယ်နှင့်။

အထက်မိုးကောင်းကင်၌၄င်း၊ အောက်အရပ်မြေကြီးပေါ်၌၄င်း၊ မြေကြီးအောက်ရေထဲ၌၄င်း ရှိသောအရာနှင့် ပုံသဏ္ဍာန်တူစွာ ရုပ်တုဆင်းတုကို ကိုယ့်အဖို့မလုပ်နှင့်။ ဦးမချဝတ်မပြုနှင့်....။

သင်၏ ဘုရားသခင်ထာဝရဘုရား၏ နာမတော်ကို မှသာနှင့်ဆိုင်၍ မမြွက်ဆိုနှင့်။ အကြောင်းမူကား နာမတော်ကို မှသာနှင့်ဆိုင်၍မြွက်ဆိုသောသူကို အပြစ်မရှိဟု ထာဝရဘုရားမှတ်တော်မမူ။

သင်၏ဘုရားသခင် ထာဝရဘုရား မှာထားတော်မူသည့်အတိုင်း၊ ဥပုသ်နေ့ကို သန့်ရှင်းစေခြင်းငှာ ထိုနေ့ရက်ကိုစောင့်လော့။ ခြောက်ရက်ပတ်လုံး အလုပ်ကိုကြိုးစား၍ လုပ်ဆောင်လော့....။

....သင်၏ဘုရားသခင် ထာဝရဘုရား မှာထားတော်မူသည့်အတိုင်း သင်၏မိဘကို ရိုသေစွာပြုလော့။

လူ့အသက်ကိုမသတ်နှင့်။

သူ့မယားကိုမပြစ်မှားနှင့်။

သူ့ဥစ္စာကိုမခိုးနှင့်။

ကိုယ်နှင့်စပ်ဆိုင်သော သူတစ်ဘက်၌ မမှန်သောသက်သေကို မခံနှင့်။

ကိုယ်နှင့်စပ်ဆိုင်သောသူ၏ မယားကို တပ်မက်သောစိတ်မရှိစေနှင့်။ ကိုယ်နှင့်စပ်ဆိုင်သောသူ၏ အိမ်၊ လယ်ယာ၊ ကျွန်ယောကျ်ား၊ မိန်းမ၊ နွား၊ မြည်းမှစ၍ ကိုယ်နှင့်စပ်ဆိုင်သော သူ၏ဥစ္စာတစ်စုံတစ်ခုကိုမျှ တပ်မက်လိုချင်သောစိတ်မရှိစေနှင့်....။

**တရားဟောရာကျမ်း ၅း၇ – ၂၁**

# သင်သည်ဘုရားသခင်ထံတော်မှ ပုန်းကွယ်၍မရနိုင်ပါ

အကြောင်းမူကား လူသွားရာလမ်းတို့ကို ဘုရားသခင်ကြည့်ရှု၍ လူခြေရာရှိသမျှတို့ကို မြင်တော်မူ၏။ မတရားသဖြင့် ကျင့်သောသူ၏ ပုန်းရှောင်ရာမှောင်မိုက်၊ သေခြင်းအရိပ် တစ်စုံတစ်ခုမျှမရှိ။ **ယောဘ ၃၄း၂၁–၂၂**

ငါမမြင်စေခြင်းငှာအဘယ်သူသည်မထင်ရှားသောအရပ်၌ပုန်းရှောင်၍နေနိုင်သနည်း ဟု ထာဝရဘုရားမေးတော်မူ၏။ ငါသည် ကောင်းကင်၊ မြေကြီးကို ပြည့်လျှမ်းသည် မဟုတ်လောဟု ထာဝရဘုရားမေးတော်မူ၏။ **ယေရမီအနာဂတ ၂၃း၂၄**

ဝိညာဉ်တော်နှင့် လွတ်ခြင်းအလို့ငှာ အဘယ်အရပ်သို့ သွားနိုင်ပါမည်နည်း။ မျက်နှာတော်နှင့် လွတ်ခြင်းအလို့ငှာ အဘယ်အရပ်သို့ ပြေးနိုင်ပါမည်နည်း။ ကောင်းကင်သို့ တက်လျှင် ကိုယ်တော်ရှိတော်မူ၏။ မရဏာနိုင်ငံ၌ အိပ်ရာကိုခင်းလျှင် ကိုယ်တော်ရှိတော်မူ၏။ အကယ်စင်စစ်မှောင်မိုက်သည် ရှေ့တော်၌ အဘယ်အရာကိုမျှ မဖုံးနိုင်ပါ။ ညဉ့်သည် နေ့ကဲ့သို့ လင်းပါ၏။ မှောင်မိုက်သဘောနှင့် အလင်းသဘောသည် တူပါ၏။

**ဆာလံ ၁၃၉း၇–၈၊၁၂**

ထာဝရဘုရား၏ မျက်စိတော်သည် ခပ်သိမ်းသောအရပ်၌ရှိ၍ ကောင်းမကောင်းကို ကြည့်ရှုတော်မူ၏။ **သုတ္တံ ၁၅း၃**

ငါတို့ကို စစ်ကြောစီရင်တော်မူသောသူရှေ့၌ မထင်ရှားသောအရာ တစ်စုံတစ်ခုမျှမရှိ။ ခပ်သိမ်းသောအရာတို့သည် အကွယ်အကာမရှိဘဲ မျက်မှောက်တော်၌ လှန်ထားလျက် ရှိကြ၏။ **ဟေဗြဲ ၄း၁၃**

ဆိတ်ကွယ်ရာ၌ ရှိသမျှတို့သည် ထင်ရှားလိမ့်မည်။ ဝှက်ထားလျက်ရှိသမျှတို့သည် ထင်ရှားစွာ ပွင့်လင်းလိမ့်မည်။ **လုကာ ၈း၁၇**

# ဘုရားမဲ့၊ တရားမဲ့နေသောသူတို့အတွက် ထာဝရအပြစ်ဒဏ်

လူသားသည်မိမိကောင်းကင်တမန်တို့ကိုစေလွှတ်ပြီးလျှင် မှားယွင်းစေသောသူတို့နှင့် မတရားသောအမှုကို ပြုသောသူရှိသမျှတို့ကို နိုင်ငံတော်ထဲက ရွေးနုတ်၍ ငိုကြွေးခြင်း၊ အံသွားခဲကြိတ်ခြင်းရှိရာမီးဖို၌ ချကြလတ္တံ့။ **ရှင်မဿဲ ၁၃း၄၁-၄၂**

မတရားသောသူတို့နှင့် ဘုရားသခင်ကို မေ့လျော့သော လူမျိုးအားလုံးတို့သည် မရဏာနိုင်ငံသို့နှင်ခြင်းကိုခံရကြလိမ့်မည်။ **ဆာလံ ၉း၁၇**

ယခုရှိသော မိုးကောင်းကင်နှင့်မြေကြီးမူကား၊ တရားဆုံးဖြတ်၍ အဓမ္မလူတို့ကို ဖျက်စီးသောနေ့တိုင်အောင် ထိုနှုတ်ကပတ်တော်အားဖြင့် သိုထားလျက်ရှိ၍ မီးရှို့ခြင်းအလို့ငှာ နေရစ်သတည်း။ **၂ ရှင်ပေတရု ၃း၇**

ထိုသူတို့သည် သခင်ဘုရား၏ မျက်နှာတော်နှင့်၎င်း၊ တန်ခိုးရှိသောဘုန်းတော်နှင့်၎င်း ကွာ၍ ထာဝရပျက်စီးခြင်းတည်းဟူသော အပြစ်ဒဏ်ကို ခံကြရလတ္တံ့။ **၂ သက်သာလောနိ ၁း၉**

သင်၏လက်ခြေသည် သင့်ကိုမှားယွင်းစေလျှင် လက်ခြေကိုဖြတ်ပစ်လော့။ လက်ခြေ အစုံနှင့် ထာဝရမီးထဲသို့ ချခြင်းကိုခံရသည်ထက် အင်္ဂါချို့တဲ့၍ အသက်ရှင်ခြင်းသို့ ဝင်စားသော် သာ၍ကောင်း၏။ **ရှင်မဿဲ ၁၈း၈**

ယေရှုက – ထိုသူတို့သည် ထာဝရပြစ်ဒဏ်ကို ခံရာသို့၎င်း၊ ဖြောင့်မတ်သောသူတို့ မူကား ထာဝရအသက်ရှင်ရာသို့၎င်း သွားကြရလတ္တံ့ဟု မိန့်တော်မူ၏။ **ရှင်မဿဲ ၂၅း၄၆**

# လာမည့်တရားစီရင်ခြင်း

အကြောင်းမူကား ခန့်ထားတော်မူသောသူအားဖြင့် လောကီသားတို့ကို ဖြောင့်မတ်ခြင်း တရားနှင့် ညီလျော်စွာ စစ်ကြောစီရင်မည့်နေ့ရက်ကို ချိန်းချက်တော်မူပြီ။ ထိုသူကိုသေခြင်းမှ ထမြောက်စေတော်မူသောအားဖြင့် ခပ်သိမ်းသောလူတို့အား ယုံလောက်သောသက်သေကို ပြတော်မူပြီ။ **တမန်တော် ၁၇း၃၁**

ဘုရားဝတ်၌ မွေ့လျော်သောသူတို့ကို စုံစမ်းနှောင့်ယှက်ခြင်းအထဲက ကယ်နုတ်ခြင်းငှာ၎င်း၊ မတရားသောသူတို့ကို ဒဏ်ခံစေမည်အကြောင်း....တရားဆုံးဖြတ်သောနေ့အဖို့ ချုပ်ထားခြင်းငှာလည်း ကောင်း ထာဝရဘုရားသည် တတ်နိုင်တော်မူ၏။

**၂ ရှင်ပေတရု ၂း၉**

ထိုသို့ငါတို့သည် ချစ်ခြင်းမေတ္တာနှင့် ပြည့်စုံသောအားဖြင့် တရားဆုံးဖြတ်တော်မူသော နေ့၌ ရဲရင့်ရသောအခွင့် ရှိကြလိမ့်မည်။ အကြောင်းမူကား ငါတို့သည် ကိုယ်တော်၏နည်းတူ ဤလောက၌ဖြစ်ကြ၏။ **၁ ရှင်ယောဟန် ၄း၁၇**

လူသည်တစ်ခါတည်းသာသေ၍ ထို့နောက်မှတရားစီရင်တော်မူခြင်းကို ခံရမည်။

**ဟေဗြဲ ၉း၂၇**

သေလွန်သောသူတို့သည် မိမိတို့အကျင့်အတိုင်း စာစောင်တို့၌ ရေးထားချက်များနှင့် အညီ တရား စီရင်ခြင်းကိုခံကြရ၏။ **ဗျာဒိတ်ကျမ်း ၂၀း၁၂(က)**

အကြောင်းမူကား၊ ငါတို့ရှိသမျှသည် ကိုယ်ခန္ဓာ၌ကျင့်သောအကျင့်၊ ကောင်းမကောင်း ရှိသည့်အတိုင်း အကျိုးအပြစ်ကိုအသီးသီးခံခြင်းငှာ ခရစ်တော်၏ တရားပလ္လင်ရှေ့၌ ပေါ်လာ ရကြမည်။ **၂ ကောရိန္သု ၅း၁၀**

သို့ဖြစ်၍ ငါတို့ရှိသမျှသည် ဘုရားသခင် စစ်ကြောတော်မူခြင်းကို ခံရကြမည်။

**ရောမ ၁၄း၁၂**

# ယေရှုခရစ်တော်၏ကျေးဇူးတော်

သို့သော်လည်းပြစ်မှားခြင်းသဘောနှင့် ကျေးဇူးတော်သဘောမတူ။ အကြောင်းမူကား တစ်ယောက်ပြစ်မှားသောအားဖြင့် လူများစွာသေခြင်းသို့ရောက်ကြ၏။ တစ်ယောက်သောသူ ယေရှုခရစ်အားဖြင့် ဘုရားသခင်၏ကျေးဇူးတော်နှင့် ကျေးဇူးတော်၏အကျိုးသည် လူများတို့၌ သာ၍ကြွယ်ဝပြည့်စုံ၏။

**ရောမ ၅:၁၅**

ထို့ကြောင့် လိုချင်သောသူသည် တတ်နိုင်သည်မဟုတ်။ ပြေးသောသူသည်လည်း တတ်နိုင်သည်မဟုတ်။ ကျေးဇူးပြုတော်မူသော ဘုရားသခင်သာလျှင် တတ်နိုင်တော်မူ၏။

**ရောမ ၉:၁၆**

ထောင်လွှားစော်ကားသောသူတို့ကို ဘုရားသခင်ဆီးတားတော်မူ၏။ စိတ်နှိမ့်ချသော သူတို့အား ကျေးဇူးပြုတော်မူ၏။

**၁ ရှင်ပေတရု ၅:၅(ခ)**

အကြောင်းမူကား ငါတို့သခင်ယေရှုခရစ်သည် စည်းစိမ်ရှိသော်လည်း ဆင်းရဲတော်မူခြင်းအားဖြင့် သင်တို့သည် စည်းစိမ်ရှိစေခြင်းငှာ သင်တို့အတွက်ကြောင့် ဆင်းရဲခြင်းကို ခံတော်မူသော ကျေးဇူးတော်ကို သင်တို့သိကြ၏။

**၂ ကောရိန္တု ၈:၉**

သို့သော်လည်း အပြစ်ပွားများသည်အရာမှာ ကျေးဇူးတော်သာ၍ ကြွယ်ဝ၏။ ထိုသို့ဖြစ်လျှင် အပြစ်တရားသည် သေခြင်းတိုင်အောင် အစိုးရသည်နည်းတူ ငါတို့သခင် ယေရှုခရစ်ပြုစုတော်မူသော ကျေးဇူးတရားသည် ထာဝရအသက်နှင့်ယှဉ်သော ဖြောင့်မတ်ရာ သို့သွင်းခြင်းအားဖြင့် အစိုးရလေအံ့သတည်း။

**ရောမ ၅:၂၀(ခ) – ၂၁**

သခင်ယေရှုပြန်ရှင်တော်မူခြင်းအကြောင်းကိုတမန်တော်တို့သည်ကြီးသောတန်ခိုးနှင့် သက်သေခံ၍ ထိုသူအပေါင်းတို့သည် ကြီးသောကျေးဇူးတော်နှင့်ပြည့်စုံကြ၏။

**တမန်တော် ၄:၃၃**

# နောင်တ

ဘုရားသခင်သည် မိုက်မဲသောအချိန်ကာလတို့ကို အမှုမထားဖူးသော်လည်း ယခုမှာ ကိုယ့်အပြစ်ကိုမြင်၍ နောင်တရကြလော့ဟု ခပ်သိမ်းသောအရပ်တို့၌ရှိသော လူအပေါင်း တို့အား ပညတ်တော်မူ၏။ **တမန်တော် ၁၇း၃၀**

သာ၍အပြစ်ရှိသည်မဟုတ်။ သင်တို့ရှိသမျှသည်လည်း နောင်တမရလျှင် ပျက်စီးခြင်း သို့ ရောက် ကြလိမ့်မည်ဟု ငါဆို၏။ **ရှင်လုကာ ၁၃း၃**

....နောင်တရကြလော့၊ ကောင်းကင်နိုင်ငံတော်သည် တည်လုနီးပြီ။ **ရှင်မဿဲ ၃း၂**

ပေတရုကလည်း ''သင်တို့၏အပြစ်ကို လွှတ်စေခြင်းငှာ နောင်တရ၍ တစ်ယောက်မျှ မကြွင်း၊ ယေရှုခရစ်၏နာမ၌ ဗတ္တိဇံကို ခံကြလော့။ သို့ပြုလျှင် သန့်ရှင်းသော ဝိညာဉ်တော်နှင့် စွမ်းရည်ကျေးဇူးတော်ကို ခံကြရလိမ့်မည်။ ထို့ကြောင့် ထာဝရဘုရားထံတော်မှ ချမ်းအေးသော အချိန်ကာလသည် ရောက်လာ၍ သင်တို့အပြစ်များကို ပြေစေခြင်းငှာ နောင်တရ၍ စိတ်ပြောင်းလဲခြင်းသို့ ရောက် ကြလော့။ **တမန်တော် ၂း၃၈၊၃း၁၉**

သင်တို့ပြုသမျှသောလွန်ကျူးခြင်းအမှုတို့ကိုစွန့်ပစ်၍အသစ်သောနှလုံး၊ အသစ်သော စိတ်သဘောကို ပြင်ဆင်ကြလော့။ **ယေဇကျေလ ၁၈း၃၁(က)**

မိမိအပြစ်ကိုဝှက်ထားသောသူသည် ချမ်းသာမရ။ မိမိအပြစ်ကို ဖော်ပြဝန်ချ၍ စွန့်ပစ်သောသူမူကား ကရုဏာတော်ကို ခံရလိမ့်မည်။ **သုတ္တံ ၂၈း၁၃**

အဘယ်သို့နည်းဟူမူကား ဘုရားသခင်၏ အလိုတော်နှင့်ညီသော ဝမ်းနည်းခြင်းသည် ကယ်တင်ခြင်းသို့ရောက်စေပြီးဝမ်းနည်းပက်လက်ဖြစ်ကျန်ခဲ့ခြင်းမရှိ။ လောကီ ဝမ်းနည်းခြင်း မူကား သေခြင်းကိုဖြစ်စေတတ်၏။ **၂ ကောရိန္သု ၇း၁၀**

# ဒုစရိုက်အပြစ်ကိုခွင့်လွှတ်တော်မူခြင်း

သို့ရာတွင် မတရားသူသည် မိမိပြုမိသမျှသော ဒုစရိုက်တို့ကို ရှောင်ကြဉ်လျက် ငါစီရင်ထုံးဖွဲ့သမျှတို့ကို စောင့်ရှောက်၍ မတရားသောအမှု၊ ဟုတ်မှန်သောအမှုတို့ကိုပြုလျှင် သေခြင်းနှင့်လွတ်၍ စင်စစ်အသက်ရှင်ရလိမ့်မည်။ **ယေဇကျေလ ၁၈:၂၁**

ဆိုးသောသူသည် မိမိလမ်းကိုင်း၊ မတရားသောသူတို့သည် မိမိအကြံကိုင်း စွန့်ပစ်၍ ထာဝရဘုရားထံတော်သို့ ပြောင်းလဲပါစေ။ သို့ပြုလျှင် သနားတော်မူလိမ့်မည်။ ငါတို့ဘုရားသခင်ထံတော်သို့ ပြောင်းလဲပါစေ။ သို့ပြုလျှင် အထူးသဖြင့် အပြစ်ကိုလွှတ်တော်မူလိမ့်မည်။ **ဟေရှာယ ၅၅:၇**

သင်တို့သည် သူတစ်ပါးတို့၏ အပြစ်ကိုလွှတ်လျှင် ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘသည် သင်တို့၏ အပြစ်ကိုလွှတ်တော်မူမည်။ **ရှင်မဿဲ ၆:၁၄**

ယေရှုသည်ထိုသူတို့၏ယုံကြည်ခြင်းကိုမြင်လျှင်လက်ခြေသေသောသူအား ''ငါ့သား၊ သင်၏အပြစ်ကိုလွှတ်စေပြီ'' ဟု မိန့်တော်မူ၏။ **ရှင်မာကု ၂:၅**

ထိုသခင် (ယေရှု) ၏ ကျေးဇူးတော်ကြောင့် အပြစ်လွှတ်ခြင်းတရားကို သင်တို့အား ဟောကြားသည်ကိုင်း.....ဣသရေလလူတို့အား နောင်တတရားနှင့် အပြစ်လွှတ်ခြင်း အခွင့်ကို ပေးစေခြင်းငှာ ထိုသူကိုအစိုးရသော အရှင်အရာ၌၎င်း၊ ကယ်တင်သောသခင် အရာ၌၎င်း၊ ဘုရားသခင်ခန့်ထား၍ မိမိလက်ျာလက်တော်နှင့် ချီးမြှင့်တော်မူပြီ။

**တမန်တော် ၁၃:၃၈ (က) ၊၅:၃၁**

ငါသည် တံခါးရှေ့မှာရပ်၍ ခေါက်လျက်နေ၏။ အကြင်သူသည် ငါ၏အသံကိုကြား၍ တံခါးကို ဖွင့်အံ့။ ထိုသူရှိရာသို့ ငါဝင်၍ သူနှင့်အတူ စားသောက်မည်။ သူသည်လည်း ငါနှင့်အတူ စားသောက်ရလိမ့်မည်။ **ဗျာဒိတ်ကျမ်း ၃:၂၀**

ခရစ်တော်၏အခွင့်အားဖြင့် နောင်တတရားနှင့် အပြစ်လွှတ်ခြင်းတရားကို ယေရုရှလင်မြို့မှစသော လူမျိုးတစ်ကာတို့အား ဟောပြောရမည်။ **ရှင်လုကာ ၂၄:၄၇**

# လောကတပ်မက်ခြင်းနှင့် ကင်းဝေးစွာနေခြင်း

....ဘုရားမဲ့ တရားမဲ့နေခြင်း၊ လောကီတပ်မက်ခြင်းကို ပယ်ရှားလျက် ယခုဘဝ၌ တ္တုန္ဓေ့စောင့်ခြင်း၊ တရားသဖြင့်ကျင့်ခြင်း၊ ဘုရားဝတ်၌မွေ့လျော်ခြင်းတို့ကို ပြုနေရမည် အကြောင်း ငါတို့ကို ဆုံးမသွန်သင်၍ လူအပေါင်းတို့ကို ကယ်တင်တတ်သော ဘုရားသခင်၏ ကျေးဇူးတော်သည် ထင်ရှားပေါ်ထွန်းလျက်ရှိ၏။ **တိတု ၂း၁၁-၁၂**

မြေကြီးပေါ်မှာရှိသောအရာတို့ကိုစွဲလန်းသောစိတ်မရှိကြနှင့်။ အထက်အရာတို့ကိုသာ စွဲလန်းခြင်းရှိကြလော့။ **ကောလောသဲ ၃း၂**

အကျိုးမဲ့သော မှောင်မိုက်အမှုတို့နှင့် မဆက်ဆံသည်သာမက ထိုအမှုတို့၏ အပြစ်ကိုပြကြလော့။ **ဧဖက် ၅း၁၁**

လောကကိုငှင်း၊ လောက၌ရှိသောအရာတို့ကိုငှင်း မချစ်ကြနှင့်။ လောကကို ချစ်သောသူမည်သည်ကား ခမည်းတော်ကိုချစ်ခြင်းမေတ္တာမရှိ။ လောက၌ရှိသမျှသော အရာတည်းဟူသော ကိုယ်ကာယတပ်မက်ခြင်း၊ မျက်စိတပ်မက်ခြင်း၊ လောကီစည်းစိမ်၌ ဝါကြွားခြင်းတို့သည် ခမည်းတော်နှင့်မစပ်ဆိုင်၊ လောကနှင့်သာစပ်ဆိုင်ကြ၏။ **၁ ရှင်ယောဟန် ၂း၁၅-၁၆**

မတရားသော မေထုန်၌ မှီဝဲသောယောကျာ်းမိန်းမတို့၊ လောကီမိတ်သဟာယသည် ဘုရားသခင်နှင့် ဆန့်ကျင်ဘက်ဖြစ်သည်ကို မသိကြသလော။ ဤလောကနှင့်မိတ်သဟာယ ဖွဲ့လိုသော သူသည် ဘုရားသခင် ၏ရန်သူဖြစ်၏။ **ရှင်ယာကုပ် ၄း၄**

ကိုယ့်ကိုကိုယ် ဆေးကြောကြလော့။ ကိုယ့်ကိုကိုယ် စင်ကြယ်စေကြလော့။ သင်တို့ ဒုစရိုက်များကို ငါ့မျက်မှောက်မှပယ်ရှားကြလော့။ မကောင်းသောအကျင့်ကို ဖြတ်ကြလော့။ **ဟေရှာယ ၁း၁၆**

# အသစ်သောမွေးဖွားခြင်း

စိတ်နှလုံးသစ်ကို ငါပေးမည်။ သဘောသစ်ကို သွင်းထားမည်။ သင်တို့ကိုယ်ခန္ဓာထဲက ကျောက်နှလုံးကိုနုတ်၍ အသားနှလုံးကို ပေးမည်။ **ယေဇကျေလ ၃၆း၂၆**

ဘုရားသခင်သည် ဖြောင့်မတ်တော်မူသည်ကို သင်တို့သည်သိလျှင် ဖြောင့်မတ်ခြင်း တရားကို ကျင့်သောသူမည်သည်ကား ဘုရားသခင်ဖွားစေတော်မူသောသူဖြစ်သည်ကို သိရကြ၏။ ဘုရားသခင်၏သား ဖြစ်သမျှသောသူတို့သည် ဒုစရိုက်ကို မပြုတတ်သည်ကို ငါတို့သိကြ၏။ ဘုရားသခင်ဖြစ် ဖွားစေတော်မူသည်၊ မိမိကိုယ်မိမိ စောင့်ရှောက်သဖြင့် မာရ်နတ်သည် ထိုသူကိုမထိခိုက်နိုင်ရာ။ **၁ ရှင်ယောဟန် ၂း၂၉၊၅း၁၈**

လူမည်သည်ကား ခရစ်တော်၌ရှိလျှင် အသစ်ပြုပြင်သော သတ္တဝါဖြစ်၏။ ဟောင်းသောအရာတို့သည် ပြောင်းလဲ၍ ခပ်သိမ်းသော အရာတို့သည် အသစ်ဖြစ်ကြပြီ။

**၂ ကောရိန္သု ၅း၁၇**

ယေရှုက ''ဒုတိယမွေးခြင်းကိုမခံသောသူမည်သည်ကားဘုရားသခင်၏နိုင်ငံတော်ကို မမြင်ရဟု ငါအမှန်အကန်ဆိုသည်'' ဟုပြန်၍မိန့်တော်မူ၏။ **ရှင်ယောဟန် ၃း၃**

....ယခုတွင် သခင်ယေရှုခရစ်၏ နာမတော်အားဖြင့်၄င်း၊ ငါတို့ဘုရားသခင်၏ ဝိညာဉ်တော် အားဖြင့်၄င်း၊ ဆေးကြောသန့်ရှင်း၍ ဖြောင့်မတ်ရာသို့ရောက်ကြပြီ။

**၁ ကောရိန္သု ၆း၁၁(ခ)**

သင်တို့သည် ဖောက်ပြန်ပျက်စီးတတ်သော မျိုးစေ့အားဖြင့် ဖြစ်ပွားသည်မဟုတ်။ မဖောက်ပြန် မပျက်စီးတတ်သော မျိုးစေ့တည်းဟူသော အသက်ရှင်၍ အစဉ်အမြဲ တည်တော်မူသော ဘုရားသခင်၏ နှုတ်ကပတ်တော်အားဖြင့် ဖြစ်ပွားခြင်းဖြစ်သည်။

**၁ ရှင်ပေတရု ၁း၂၃**

# အပြစ်တရား၌သေ၍-ခရစ်တော်အားဖြင့် ထမြောက်ခြင်း

ဒုစရိုက်အပြစ်၌ သေလျက်ရှိနေသော သင်တို့ကိုပင် ဘုရားသခင်သည် အသက်ရှင်စေတော်မူပြီ။ ယေရှုခရစ်အားဖြင့် ငါတို့ကိုပြန်ရှင်စေ၍ ကောင်းကင်အရပ်၌ နေရာပေးတော်မူပြီ။ **ဧဖက် ၂း၁၆**

ငါတို့သည် အပြစ်နှင့်ဆိုင်သောအရာ၌ အသေဖြစ်၍ ဖြောင့်မတ်ခြင်းအရာ၌ အသက်ရှင်စေမည့်အကြောင်း ငါတို့အပြစ်များကို ကိုယ်တော်တိုင် သစ်တိုင်မှာခံတော်မူပြီ။ ဒဏ်ချက်တော်များအားဖြင့် သင်တို့သည် အနာပျောက်လျက်ရှိကြ၏။ **၁ ရှင်ပေတရု ၂း၂၄**

အထက်ကဆိုခဲ့ပြီးသည့်အတိုင်း သင်တို့သည် ခရစ်တော်နှင့်အတူ ထမြောက်ကြသည် မှန်လျှင် ဘုရားသခင်၏ လက်ျာတော်ဘက်မှာ ခရစ်တော်သည် ထိုင်နေတော်မူရာအရပ်၌ ရှိသော အထက်အရာတို့ကို ရှာကြလော့။ မြေကြီးပေါ်မှာရှိသောအရာတို့ကို စွဲလမ်းသောစိတ် မရှိကြနှင့်။ အထက်အရာတို့ကိုသာ စိတ်စွဲလမ်းခြင်းရှိကြလော့။ အကြောင်းမူကား သင်တို့သည် သေသောသူဖြစ်၍ သင်တို့အသက်သည် ခရစ်တော်နှင့်အတူ ဘုရားသခင်၌ ဝှက်ထားလျက်ရှိ၏။ **ကောလောသဲ ၃း၁-၃**

ခရစ်တော်နှင့် စပ်ဆိုင်သောသူတို့သည် ဇာတိပကတိကိုငှင်း၊ ဇာတိပကတိစိတ်များနှင့် အလိုဆန္ဒများကိုငှင်း၊ လက်ဝါးကပ်တိုင်မှာရိုက်ထားကြပြီ။ သို့ဖြစ်၍ ငါတို့သည် ဝိညာဉ်ပကတိအတိုင်း ကျင့်ကြကုန်အံ့။ **ဂလာတိ ၅း၂၄-၂၅**

အပြစ်တရားမှ စုတေ့သောသူတို့သည် ထိုတရား၌ အဘယ်သို့ရှင်ရဦးမည်နည်း။ ထို့နည်းတူ သင်တို့သည် အပြစ်တရားနှင့်ဆိုင်သော အရာ၌ကား အသေဖြစ်သည်ဟူ၍ငှင်း၊ ဘုရားသခင်နှင့် ဆိုင်သောအရာ၌ကား ငါတို့သခင်ယေရှုခရစ်အားဖြင့် အသက်ရှင်သည် ဟူ၍ငှင်း ကိုယ့်ကိုကိုယ် ထင်မှတ်ကြလော့။ **ရောမ ၆း၂၊၁၁**

# ထာဝရအသက်

မိမိဇာတိပကတိ၌ မျိုးစေ့ကြဲသောသူသည် ဇာတိပကတိအားဖြင့် ပုတ်ပျက်ခြင်း အသီးအနှံကို ရိတ်ရလိမ့်မည်။ ဝိညာဉ်ပကတိ၌ မျိုးစေ့ကြဲသောသူသည် ဝိညာဉ်ပကတိ အားဖြင့် ထာဝရအသက်ရှင်ခြင်း အသီး အနှံကိုရိတ်ရလိမ့်မည်။ **ဂလာတိ ၆း၈**

မောရှေသည် တော၌မြွေကိုမြှောက်ထားသကဲ့သို့ လူသားသည် မြှောက်ထားခြင်းကို ခံရမည်။ အကြောင်းမူကား ထိုသားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်း သို့မရောက်၊ ထာဝရအသက်ကိုရမည် အကြောင်းတည်း။ **ရှင်ယောဟန် ၃း၁၄–၁၅**

ထာဝရအသက်ဟူမူကား မှန်သောဘုရားသခင် တစ်ဆူတည်းဖြစ်တော်မူသော ကိုယ်တော်ကိုင်း၊ စေလွှတ်တော်မူသော ယေရှုခရစ်ကိုင်း သိကျွမ်းခြင်းတည်း။ **ရှင်ယောဟန် ၁၇း၃**

သားတော်ကို ယုံကြည်သောသူသည် ထာဝရအသက်ကိုရ၏။ သားတော်ကို ပယ်သောသူမူကား အသက်ကိုမတွေ့ရ။ ထိုသူပေါ်၌ ဘုရားသခင်၏ အမျက်တော် တည်နေသည်။ **ရှင်ယောဟန် ၃း၃၆**

အပြစ်တရား၏အခကား သေခြင်းပေတည်း။ ဘုရားသခင်ပေးသောလက်ဆောင် ကျေးဇူးတော်ကား ငါတို့သခင် ယေရှုခရစ်အားဖြင့် ထာဝရအသက်ပေတည်း။ **ရောမ ၆း၂၃**

ငါအမှန်အကန်ဆိုသည်ကား ငါ့စကားကိုနားထောင်၍ ငါ့ကိုစေလွှတ်တော်မူသော သူကို ယုံကြည်သောသူသည် ထာဝရအသက်ကိုရသည်ဖြစ်၍ အပြစ်စီရင်ခြင်းကိုမခံရ။ သေခြင်းမှအသက်ရှင်ခြင်းသို့ကူးပြောင်းသောသူဖြစ်၏။ **ရှင်ယောဟန် ၅း၂၄**

ဘုရားသခင်ကြီးစည်တော်မူသော ကျေးဇူးတော်ကား.... ငါတို့ကို ကယ်တင်သော သခင်ယေရှုခရစ်ပေါ်ထွန်းသည်အရာမှာ ယခုထင်ရှားလျက်ရှိ၏။ ထိုသခင်သည် သေခြင်းကို ပယ်ရှား၍ အသက်ရှင်ခြင်းနှင့် မဖောက်ပြန်ခြင်းကို ဧဝံဂေလိတရားအားဖြင့် ထင်ရှားစေတော် မူပြီ။ **၂ တိမောသေ ၁း၉(ခ)၊၁၀**

# ကယ်တင်ခြင်း၏အာမခံချက်

ငါတို့သည် ဘုရားသခင်၏သား ဖြစ်ကြသည်ဟု ဝိညာဉ်တော်သည် ငါတို့၏ ဝိညာဉ်နှင့်အတူ သက်သေခံတော် မူ၏။ **ရောမ ၈:၁၆**

သက်သေခံတော်မူချက်ဟူမူကား ဘုရားသခင်သည် ငါတို့အား ထာဝရအသက်ကို ပေးတော်မူ၍ ထိုအသက်သည်လည်း သားတော်၌ပါ၏။ သားတော်ကိုရသောသူသည် အသက်ကိုရ၏။ ဘုရားသခင်၏ သားတော်ကို မရသောသူမူကား အသက်ကိုမရ။ ဘုရားသခင်၏သားတော်ကို ယုံကြည်သော သင်တို့သည် ထာဝရအသက်ကို ကိုယ်တိုင်ရသည်ဟု သိစေခြင်းငှာ ဤအရာများကို သင်တို့အား ငါရေး၍ပေးလိုက်၏။

**၁ ရှင်ယောဟန် ၅:၁၁–၁၃**

ငါ့ပညတ်တို့ရှိ၍ စောင့်ရှောက်သောသူသည် ငါ့ကိုချစ်သောသူဖြစ်၏။ ငါ့ကိုချစ်သော သူကိုငါ့ခမည်းတော်သည် ချစ်တော်မူမည်။ ငါသည်လည်း ထိုသူကိုချစ်၍ သူ့အားကိုယ်တိုင် ထင်ရှားမည်ဟုမိန့်တော်မူ၏။ **ရှင်ယောဟန် ၁၄:၂၁**

ထိုသို့သင်တို့သည် သားဖြစ်သောကြောင့် အဗ္ဗအဘာဟု ခေါ်တတ်သောသားတော်၏ ဝိညာဉ်တော်ကို သင်တို့ စိတ်နှလုံးထဲသို့ ဘုရားသခင်စေလွှတ်တော်မူ၏။ **ဂလာတိ ၄:၆**

ဖြောင့်မတ်ခြင်းတရားသည်လည်း ငြိမ်သက်ခြင်းကို ပြုစုလိမ့်မည်။ ဖြောင့်မတ်ခြင်း အကျိုးမူကား ထာဝရငြိမ်သက်ခြင်းနှင့်လုံခြုံခြင်းတည်း။ **ဟေရှာယ ၃၂:၁၇**

ဘုရားသခင်သည် ဝိညာဉ်တော်၏ကျေးဇူးကို ငါတို့အားပေးတော်မူသောကြောင့် ငါတို့သည် ဘုရားသခင်၌ တည်သည်ကိုငှင်း၊ ဘုရားသခင်သည် ငါတို့၌ တည်တော်မူသည်ကိုငှင်း သိကြရ၏။ **၁ ရှင်ယောဟန် ၄:၁၃**

ထိုသခင်ကို ကိုယ်တိုင်သိကျွမ်းသည်ကို အဘယ်သို့သိရသနည်း ဟူမူကား ပညတ်တော်တို့ကို စောင့်ရှောက်လျှင် သိရသတည်း။ **၁ ရှင်ယောဟန် ၂:၃**

# ကျွန်ုပ်တို့ထဲ၌ ကျိန်းဝပ်တော်မူသော ခရစ်တော်သည် ဝမ်းမြောက်ခြင်းကိုပေးသည်

ယခုတွင် အကျွန်ုပ်သည် ကိုယ်တော့်ထံသို့သွားရမည်ဖြစ်၍ ဤသူတို့သည် အကျွန်ုပ်ကို အမှီပြုသဖြင့် ဝမ်းမြောက်ခြင်းနှင့်ပြည့်စုံမည့်အကြောင်း၊ ဤစကားကို ဤလောက၌ အကျွန်ုပ်ပြောပါ၏။ **ရှင်ယောဟန် ၁၇း၁၃**

နောက်တစ်ဖန် သင်တို့ကို ငါတွေ့မြင်သဖြင့် သင်တို့သည် စိတ်နှလုံးဝမ်းမြောက်ခြင်း ရှိကြလိမ့်မည်။ ထိုဝမ်းမြောက်ခြင်းကိုအဘယ်သူမျှဖျက်စီးခြင်းငှာမတတ်နိုင်။

**ရှင်ယောဟန် ၁၆း၂၂(ခ)**

သင်တို့သည် ဝမ်းမြောက်သောစိတ်နှင့် ကယ်တင်ခြင်း စမ်းရေတွင်းတို့၌ ရေခပ်ကြရလိမ့်မည်။ **ဟေရှာယ ၁၂း၃**

ငါသည်ခရစ်တော်နှင့်အတူ လက်ဝါးကပ်တိုင်မှာ အသေခံပြီ။ သို့သော်လည်း အသက်ရှင်သေး၏။ ထိုသို့ဆိုသော် ငါသည် ကိုယ်တိုင်မရှင်၊ ခရစ်တော်သည် ငါ၌ရှင်တော်မူ၏။ ကိုယ်ခန္ဓာ၌ ယခု ငါရှင်သောအသက်သည် ဘုရားသခင်၏သားတော်ကို ယုံကြည်ခြင်း အားဖြင့် တည်၏။ သားတော်သည် ငါ့ကိုချစ်၍ ငါ့အဖို့ ကိုယ့်ကိုကိုယ် စွန့်တော်မူ၏။

**ဂလာတိ ၂း၂၀**

သင်တို့၌ ငါဝမ်းမြောက်စရာအကြောင်းတည်စေခြင်းငှာငှင်း၊ သင်တို့ဝမ်းမြောက်စရာ အကြောင်းစုံလင်စေခြင်းငှာငှင်း၊ ဤစကားကို သင်တို့အား ငါဟောပြော၏။

**ရှင်ယောဟန် ၁၅း၁၁**

အသက်ရှင်ခြင်းလမ်းကို ပြသနန်တော်မူလိမ့်မည်။ အထံတော်၌ စုံလင်သော ဝမ်းမြောက်ခြင်းအခွင့်နှင့်လက်ျာတော်နားမှာအစဉ်အမြဲပျော်မွေ့ခြင်းအခွင့်ရှိပါ၏။

**ဆာလံ ၁၆း၁၁**

ထိုသခင်ကို သင်တို့သည် မမြင်ဖူးသော်လည်း ချစ်ကြ၏။ ယခုမှာလည်း မမြင်ဘဲလျက် ယုံကြည်သောအားဖြင့် ဘုန်းအသရေနှင့် စပ်ဆိုင်သော ပြော၍မမှီနိုင်သော ရွှင်လန်းခြင်း စိတ်နှင့် ဝမ်းမြောက်ကြသည်ဖြစ်သည်။ **၁ ရှင်ပေတရု ၁း၈**

# သခင်ဘုရားအားနာခံခြင်းသည်အလွန်ပင်လိုအပ်သည်

သို့မဟုတ် ထာဝရဘုရား၏ စကားတော်ကိုနားမထောင်၊ အာဏာတော်ကိုဆန့်လျှင် ထာဝရဘုရား၏ လက်တော်သည် ဘိုးဘေးတို့ကို ဆီးတားသကဲ့သို့ သင်တို့ကို ဆီးတားတော်မူလိမ့်မည်။

**၁ ဓမ္မရာဇဝင် ၁၂း၁၅**

အကြင်သူ၏အထံ၌ အစေခံကျွန်ဖြစ်ခြင်းငှာ သင်တို့ဝင်၍ အစေခံ၏။ ထိုသူသည် သေခြင်းနှင့် ယှဉ်သော အပြစ်တရားဖြစ်စေ၊ ဖြောင့်မတ်ရာသို့ရောက်ခြင်းနှင့်ယှဉ်သော နားထောင်ခြင်းတရားဖြစ်စေ၊ သင်တို့၏ သခင်ဖြစ်သည်ကို မသိကြသလော။

**ရောမ ၆း၁၆**

သခင်ယေရှုသည် တန်ခိုးရှိသော ကောင်းကင်တမန်တို့နှင့်အတူ ကောင်းကင်ဘုံပေါ်က ပေါ်ထွန်းတော်မူ၍ ဘုရားသခင်ကိုမသိသောသူ၊ ငါတို့သခင်ယေရှု၏ ဧဝံဂေလိတရားကို နားမထောင်သောသူတို့ကို မီးလျှံအားဖြင့် ဒဏ်ပေးတော်မူသောအခါ.... ဒုက္ခဆင်းရဲခံရဘူးသော သင်တို့၌ ငါတို့နှင့်အတူ ချမ်းသာခြင်းကိုငှာ၊ ဘုရားသခင်ဆပ်ပေး၍ တရားစီရင်တော်မူလိမ့်မည်။

**၂ သက်သာလောနိတ် ၁း၇-၉**

ယနေ့ကောင်းကြီးပေးခြင်းနှင့် ကျိန်ခြင်းတည်းဟူသော ဤနှစ်ပါးကိုသင်တို့ရှေ့မှာ ငါထား၏။ ယနေ့ ငါဆင့်ဆိုသောသင်တို့ဘုရားသခင် ထာဝရဘုရား၏ပညတ်တော်တို့ကို နားထောင်လျှင်မူကား ကောင်းကြီးပေးခြင်း၊ သင်တို့ဘုရားသခင် ထာဝရဘုရား၏ ပညတ်တော်တို့ကို နားမထောင်....လျှင်မူကား ကျိန်ခြင်းကို ငါထား၏။

**တရားဟောရာ ၁၁း၂၆-၂၈(a)**

# ခရစ်တော်ကိုနှုတ်ဖြင့်ဝန်ခံခြင်းသည်အလွန်လိုအပ်သည်

ယေရှုခရစ်သည် သခင်ဖြစ်တော်မူ၏ဟု နှုတ်နှင့်ဝန်ခံသဖြင့် ခမည်းတော်ဘုရား၏ ဘုန်းအသရေတော်ကို ထင်ရှားစေကြမည်အကြောင်းတည်း။ **ဖိလိပ္ပိ ၂း၁၁**

အကြင်သူသည် လူတို့ရှေ့မှာ ငါ့ကိုဝန်ခံအံ့၊ ကောင်းကင်ဘုံ၌ရှိသော ငါ၏ ခမည်းတော်ရှေ့မှာ ထိုသူကို ငါဝန်ခံမည်။ အကြင်သူသည် လူတို့ရှေ့မှာ ငါ့ကိုငြင်းပယ်အံ့၊ ကောင်းကင်ဘုံ၌ရှိသောငါ၏ ခမည်းတော်ရှေ့မှာ ထိုသူကို ငါငြင်းပယ်မည်။

**ရှင်မဿဲ ၁၀း၃၂-၃၃**

ဘုရားသခင်၏ဝိညာဉ်တော်ကို အဘယ်သို့သိနိုင်သနည်းဟူမူကား လူ့ဇာတိအားဖြင့် ကြွလာတော်မူသော ယေရှုခရစ်ကိုဝန်ခံသော ဝိညာဉ်မည်သည်ကား ဘုရားသခင်နှင့် စပ်ဆိုင်၏။ **၁ ရှင်ယောဟန် ၄း၂**

ယေရှုသည် ဘုရားသခင်၏သားတော်ဖြစ်သည်ကို ဝန်ခံသောသူမည်သည်ကား ဘုရားသခင်၌တည်၏။ ဘုရားသခင်သည်လည်း ထိုသူ၌တည်တော်မူ၏။

**၁ ရှင်ယောဟန် ၄း၁၅**

အဘယ်သို့နည်းဟူမူကား၊ သင်သည်သခင်ယေရှုကိုနှုတ်ဖြင့်ဝန်ခံ၍ ဘုရားသခင်သည် သူ့ကိုသေခြင်းမှ ထမြောက်စေတော်မူပြီဟု စိတ်လုံးထဲ၌ ယုံကြည်လျှင် ကယ်တင်ခြင်းသို့ ရောက်လိမ့်မည်။ **ရောမ ၁၀း၉-၁၀**

သားတော်ကို ငြင်းပယ်သောသူမည်သည်ကား၊ ခမည်းတော်ကိုမသိ။ သားတော်ကို ဝန်ခံသောသူမည်သည်ကား၊ ခမည်းတော်ကိုသိ၏။ **၁ ရှင်ယောဟန် ၂း၂၃**

အကြင်သူသည်ငါ့ကိုငှင်း၊ ငါ့စကားကိုငှင်း ရှက်၏။ လူသား (ခရစ်တော်) သည်မိမိဘုန်း၊ မိမိအဘခမည်းတော်၏ဘုန်း၊ သန့်ရှင်းသော ကောင်းကင်တမန်တို့၏ဘုန်းကို ဆောင်လျက် ကြွလာသောအခါ ထိုသူကို ရှက်တော်မူလတ္တံ့။ **ရှင်လုကာ ၉း၂၆**

# စာတန် - ကျွန်ုပ်တို့၏အဓိကရန်သူ

သမ္မာသတိရှိလျက်မအိပ်ဘဲ စောင့်နေကြလော့။ သင်တို့၏ရန်သူ မာရ်နတ်သည် ဟောက်သောခြင်္သေ့ကဲ့သို့ အဘယ်သူကိုမျိုရမည်နည်းဟု၍ လှည့်လည်ရှာဖွေလျက်ရှိ၏။

**၁ ရှင်ပေတရု ၅း၈**

ထိုအခါမာရ်နတ်၏ စုံစမ်းသွေးဆောင်ခြင်းကို ခံစေရမည်အကြောင်း၊ ဝိညာဉ်တော်သည် ယေရှုကိုတောသို့ ပို့ဆောင်တော်မူ၍..... ယေရှုကလည်း အချင်းစာတန်၊ ငါ့နောက်သို့ဆုတ်လော့။ သင်၏ဘုရားသခင် ထာဝရဘုရားကို ကိုးကွယ်ရမည်။ ထိုဘုရားသခင်ကို ထာဝရဝတ်ပြုရမည်ကျမ်းစာလာသည်ဟု မိန့်တော်မူ၏။ ထိုအခါ မာရ်နတ်သည် အထံတော်မှထွက်သွား၍ ကောင်းကင်တမန်တို့သည် ချဉ်းကပ်လျက် လုပ်ကျွေးကြ၏။

**ရှင်မဿဲ ၄း၁၊၁၀-၁၁**

ကြွင်းသေးသောစကားဟူမူကား၊ ညီအစ်ကိုတို့၊ သခင်ဘုရားအားဖြင့်၎င်း၊ တန်ခိုးတော်အရှိန်အားဖြင့်၎င်း၊ ခိုင်ခန့်ခြင်းရှိကြလော့။ မာရ်နတ်၏ ပရိယာယ်တို့ကို တားဆီးနိုင်မည်အကြောင်း ဘုရားသခင်ပြင်ဆင်တော်မူသော လက်နက်စုံကို ဝတ်ဆောင်ကြလော့။ **ဧဖက် ၆း၁၀-၁၁**

ငါတို့စစ်တိုက်၍ သုံးစွဲသောလက်နက်သည် ဇာတိပကတိလက်နက်မဟုတ်။ ဘုရားသခင်၏တန်ခိုးတော်အားဖြင့် မြို့ရိုးမြို့ပြတို့ကိုဖြိုဖျက်နိုင်သောလက်နက်ဖြစ်၏။

**၂ ကောရိန္သု ၁၀း၄**

မာရ်နတ်သည် ရှေ့ဦးစွာမှစ၍ လူ့အသက်ကိုသတ်သောသူဖြစ်၏။ သူ၌ သစ္စာတရားမရှိသောကြောင့် သစ္စာတရား၌ မတည်မနေ။ သူသည် မုသာစကား၌ ကျင်လည်သောသူဖြစ်၏။ မုသာ၏ အဘလည်းဖြစ်၏။ **ရှင်ယောဟန် ၈း၄၄**

ထိုသူ၏အပြစ်ကို ငါသည်လည်းလွှတ်၏.... သို့မဟုတ်လျှင် စာတန်သည် ငါတို့ကိုနိုင်မည်ဟု စိုးရိမ်စရာရှိ၏။ သူ၏အကြံအစည်များကို ငါတို့သိကြ၏။

**၂ ကောရိန္သု ၂း၁၀(ခ)-၁၁**

# စာတန်အပေါ်အောင်မြင်ခြင်း

ထိုသူငယ်တို့သည် အသွေးအသားနှင့်ဆက်ဆံကြသောကြောင့်၊ ခရစ်တော်သည် အသေခံတော်မူသောအားဖြင့်၊ သေခြင်းတရားကိုအစိုးရသောသူတည်းဟူသော မာရ်နတ်၏ တန်ခိုးကိုချိုးဖဲ့ဖျက်စီးခြင်းငှာ .... ထိုသူငယ်တို့၏နည်းတူ အသွေးအသားကို ဆောင်ယူတော်မူ၏။ **ဟေဗြဲ ၂း၁၄–၁၅**

မာရ်နတ်သည် ရှေးဦးစွာမှစ၍ ဒုစရိုက်ပြုသောသူဖြစ်သောကြောင့်၊ အကြင်သူသည် ဒုစရိုက်ကိုပြု၏။ ထိုသူသည် မာရ်နတ်နှင့်ဆိုင်၏။ မာရ်နတ်အမှုတို့ကို ပယ်ဖျက်ခြင်းငှာ၊ ဘုရားသခင်၏သားတော်သည် ထင်ရှားပေါ်ထွန်းတော်မူ၏။ **၁ ရှင်ယောဟန် ၃း၈**

တစ်ပါးအမျိုးတို့သည် မှောင်မိုက်မှအလင်းသို့ကူးပြောင်း၍ စာတန်၏အာဏာထဲမှ ဘုရားသခင့်အထံတော်သို့ ပြောင်းလဲသောအားဖြင့် အပြစ်လွှတ်ခြင်းကျေးဇူးကိုခံရမည့် အကြောင်းနှင့် ငါ့ကိုယုံကြည်သောအားဖြင့် သန့်ရှင်းခြင်းသို့ရောက်သောသူတို့နှင့် ဆက်ဆံ၍ အမွေခံရမည်အကြောင်း သူတို့၏မျက်စိကိုဖွင့်စေခြင်းငှာ သူတို့ဆီသို့သင့်ကိုငါစေလွှတ်မည်။ **တမန်တော် ၂၆း၁၈**

ခရစ်တော်၏ချစ်ခြင်းမေတ္တာနှင့် ငါတို့ကို အဘယ်သူကွာစေမည်နည်း။ အကယ်စင်စစ် ...ဆင်းရဲငြိုငြင်ခြင်း၊ ညှင်းဆဲနှိပ်စက်ခြင်း၊ မွတ်သိပ်ခြင်း၊ အဝတ်အချည်းစည်းရှိခြင်း၊ ဘေးနှင့်တွေ့ကြုံခြင်း၊ ကွပ်မျက်ခြင်းကိုခံရသော်လည်း၊ ထိုအမှုတို့တွင် အဘယ်အမှုသည် ခရစ်တော်၏ချစ်ခြင်းမေတ္တာတော်နှင့် ငါတို့ကိုကွာစေမည်နည်း။ **ရောမ ၈း၃၅–၃၇**

ထို့ကြောင့်၊ ဘုရားသခင်၏အလိုတော်ကို လိုက်ကြလော့။ မာရ်နတ်ကိုတားဆီး ကြလော့။ သို့ပြုလျှင် သူသည် သင်တို့ထံက ပြေးသွားလိမ့်မည်။ ဘုရားသခင်၌ ချဉ်းကပ်ကြ လော့။ သို့ပြုလျှင် သင်တို့၌ ချဉ်းကပ်တော်မူလိမ့်မည်။ **ရှင်ယာကုပ် ၄း၇–၈ (က)**

ယခုတွင် ဤလောကသည် တရားစီရင်ခြင်းကို ခံရ၏။ ယခုတွင် ဤလောကကို အစိုးရသောမင်းသည်ပြင်သို့နှင်ထုတ်ခြင်းကို ခံရလိမ့်မည်။ **ရှင်ယောဟန် ၁၂း၃၁**

# မေတ္တာ – တပည့်တော်များကို ခွဲခြားနိုင်သည့် အရာ

ငါသည်လူဘာသာစကားကိုင်၊ ကောင်းကင်တမန်ဘာသာစကားကိုင်း ပြောဆိုနိုင်သော်လည်း၊ မေတ္တာမရှိလျှင်၊ အသံမြည်သောတံပိုးခရာကဲ့သို့၎င်း၊ တီးသံကိုသာ ပေးတတ်သော လင်းကွင်းကဲ့သို့၎င်းဖြစ်၏။ **၁ ကောရိန္သု ၁၃း၁**

ဝိညာဉ်ပကတိ၏အကျိုးမူကား ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ ကာမဂုဏ်ချုပ်တည်းခြင်းပေတည်း။ **ဂလာတိ ၅း၂၂–၂၃(က)**

တစ်ဖန်ယေရှုက "ယောန၏သားရှိမုန်၊ သင်သည်ငါ့ကိုချစ်သလော" ဟု ဒုတိယအကြိမ်မေးတော်မူလျှင်၊ "ဟုတ်ပါ၏သခင်၊ ကိုယ်တော်ကိုအကျွန်ုပ်ချစ်သည်ကို ကိုယ်တော်သိတော်မူ၏" ဟု လျှောက်သော်၊ "ငါ၏သိုးတို့ကိုထိန်းလော့" ဟု မိန့်တော်မူ၏။

**ရှင်ယောဟန် ၂၁း၁၆**

ငါ့ကိုချစ်လျှင် ငါ့ပညတ်တို့ကို စောင့်ရှောက်ကြလော့။ **ရှင်ယောဟန် ၁၄း၁၅**

တစ်စုံတစ်ယောက်သောသူက၊ 'ငါသည်ဘုရားသခင်ကိုချစ်၏' ဟု ဆိုလျက်ပင်၊ မိမိညီအစ်ကိုကိုမုန်းလျှင်၊ ထိုသူသည် မုသားကိုသုံးသောသူဖြစ်၏။ မိမိမြင်ရသော မိမိညီအစ်ကိုကို မချစ်လျှင်၊ မမြင်သေးသော ဘုရားသခင်ကို အဘယ်သို့ချစ်နိုင်မည်နည်း။

**၁ ရှင်ယောဟန် ၄း၂၀**

သင်တို့သည် အချင်းချင်းချစ်ကြလျှင် လူအပေါင်းတို့သည် ထိုမေတ္တာကိုထောက်၍ သင်တို့သည် ငါ၏တပည့်ဖြစ်သည်ကို သိရကြလိမ့်မည်။ **ရှင်ယောဟန် ၁၃း၃၅**

ငါတို့သည်ညီအစ်ကိုချင်းတို့ကို ချစ်သောကြောင့် သေခြင်းမှ အသက်ရှင်ခြင်းသို့ မိမိတို့ကူးမြောက်သည်ကို မိမိတို့သိရကြ၏။ မိမိညီအစ်ကိုကို မချစ်သောသူသည် သေခြင်း၌တည်၏။ **၁ ရှင်ယောဟန် ၃း၁၄**

ပညတ်တော်တို့ကို စောင့်ခြင်းအရာသည် ဘုရားသခင်ကို ချစ်ရာရောက်၏။ ပညတ်တော်တို့ကို စောင့်ခဲသည်မဟုတ်။ **၁ ရှင်ယောဟန် ၅း၃**

# ယေရှုခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်း

ငါတို့သည်လည်း၊ ယေရုရှလင်မြို့မှစ၍ ယုဒပြည်တွင်ပြုတော်မူသော အမှုများတို့၏ သက်သေခံဖြစ်ကြ၏။ ထိုသူကိုသစ်တိုင်၌ဆွဲ၍ ကွပ်မျက်ကြလေ၏။ သုံးရက်မြောက်သောနေ့၌ ဘုရားသခင်သည်ထမြောက်တော်မူ၍ လူအပေါင်းတို့အား ထင်ရှားစွာပြတော်မမူ။ ဘုရားသခင် ခန့်ထားတော်မူသောသက်သေခံတည်းဟူသောငါတို့အား ထင်ရှားစွာပြတော်မူ၏။ သေခြင်းမှ ထမြောက်တော်မူသည့်နောက်၊ ထိုသခင်နှင့်အတူ ငါတို့သည် စားသောက်ရကြ၏။

**တမန်တော် ၁၀:၃၉ – ၄၁**

ကိုယ်တော်သည် ခုနစ်ရက်တွင်း ပဌမနေ့ရက်စောစောအချိန်၌ ထမြောက်ပြီးမှ အထက်ကနတ်ဆိုးခုနစ်ယောက်ကို နှင်ထုတ်တော်မူသော မာဂဒလမာရိအား ရှေးဦးစွာ ကိုယ်ကိုပြတော်မူ၏။ **ရှင်မာကု ၁၆:၉**

ထိုသခင်ယေရှုသည် ငါတို့အပြစ်ကြောင့် အပ်နှံခြင်းကို ခံတော်မူ၏။ ငါတို့သည် ဖြောင့်မတ်ရာသို့ ရောက်မည်အကြောင်း ရှင်ပြန်ထမြောက်တော်မူ၏။ **ရောမ ၄:၂၅**

ထို့နောက် ရှစ်ရက်မြောက်သောနေ့၌ တပည့်တော်တို့သည် တစ်ဖန်အထဲမှာရှိကြ၍ သောမလည်းပါ၏။ တံခါးများကိုပိတ်ထားစဉ်အခါ၊ ယေရှုသည်ကြွလာ၍ အလယ်မှာရပ်တော်မူလျက် ''သင်တို့၌ငြိမ်သက်ခြင်းရှိစေသတည်း'' ဟု မိန့်တော်မူ၏။ ထိုအခါ သောမအား၊ ''သင်၏လက်ညှိုးကိုဆန့်၍ ငါ့လက်ကိုကြည့်လော့။ သင့်၏လက်ကိုဆန့်၍ ငါ့နံဘေးကို စမ်းသပ်လော့။ ယုံမှားခြင်း မရှိနှင့်၊ ယုံလော့'' ဟု မိန့်တော်မူ၏။ သောမကလည်း၊ ''အကျွန်ုပ်၏အရှင်၊ အကျွန်ုပ်၏အရှင်၊ အကျွန်ုပ်၏ဘုရားသခင်ပါတကား'' ဟု ပြန်၍ လျှောက်၏။ **ရှင်ယောဟန် ၂၀:၂၆ – ၂၈**

# ရှင်ပြန်ထမြောက်ခြင်း၊ ကျွန်ုပ်တို့၏ ဘုန်းတော်နှင့် ပြည့်စုံသောမျှော်လင့်ခြင်း

ငါအမှန်အကန်ဆိုသည်ကား၊ သေလွန်သောသူတို့သည် ဘုရားသခင်သားတော်၏ စကားသံကိုကြား၍၊ ကြားသောအားဖြင့် အသက်ရှင်ရမည့်အချိန်ကာလသည်လာ၍ ယခုပင် ရောက်လျက်ရှိ၏။ .... ဤအမှုအရာကို အံ့ဩခြင်းမရှိကြနှင့်။ သင်္ချိုင်းများမှာရှိသောသူ အပေါင်းတို့သည် သားတော်၏စကားသံကိုကြား၍ ထွက်ရမည့်အချိန်ကာလရောက်လတံ့။ ကောင်းသောအကျင့်ကို ကျင့်သောသူတို့သည် အသက်ရှင်ရာ ထမြောက်ခြင်းသို့၎င်း၊ ဆိုးယုတ်သောအကျင့်ကို ကျင့်သောသူတို့သည် အပြစ်စီရင်ရာ ထမြောက်ခြင်းသို့၎င်း ထွက်ရကြလတံ့။ **ရှင်ယောဟန် ၅:၂၅(ခ)၊၂၈-၂၉**

ယေရှုခရစ်၌ ဗတ္တိဇံကိုခံသောသူရှိသမျှတို့သည် အသေခံတော်မူခြင်း၌ ဗတ္တိဇံကို ခံကြသည်ဟု သင်တို့မသိသလော။ ထို့ကြောင့် အသေခံတော်မူခြင်း၌ ဗတ္တိဇံကိုခံသော အားဖြင့်၊ ထိုသခင်နှင့်အတူ သင်္ဂြိုဟ်ခြင်းကိုခံကြ၏။ အကြောင်းမူကား၊ ခရစ်တော်သည် ခမည်းတော်၏ ဘုန်းတန်ခိုးအားဖြင့် သေခြင်းမှ ထမြောက်တော်မူသည်နည်းတူ၊ ငါတို့သည် လည်း အသစ်သောအသက်၌ ကျင်လည်ရကြသနည်း။ တစ်နည်းကား အသေခံတော် မူခြင်း၏ပုံသဏ္ဌာန်ကို ဆောင်၍၊ ထိုသခင်နှင့်အတူ ငါတို့သည် စိုက်ပျိုးလျက်ရှိသည်မှန်လျှင်၊ ထမြောက်တော်မူခြင်း၏ ပုံသဏ္ဌာန်ကိုဆောင်၍ စိုက်ပျိုးလျက်ရှိကြလိမ့်မည်။

**ရောမ ၆:၃-၅**

ခရစ်တော်သည်သင်တို့အထဲ၌ ရှိတော်မူလျှင် ကိုယ်ကာယသည် အပြစ်ကြောင့် အသေဖြစ်သော်လည်း ဝိညာဉ်မူကား ဖြောင့်မတ်ခြင်းကြောင့် အသက်ရှင်လျက်ရှိ၏။ ထိုမျှမက ယေရှုကို သေခြင်းမှပြန်ရှင်စေတော်မူသော ဘုရားသည် သင်တို့အထဲ၌ ကိန်းဝပ် သော မိမိဝိညာဉ်တော်အားဖြင့် သေတတ်သော သင်တို့၏ကိုယ်ကာယကိုပင် ရှင်စေတော် မူမည်။ **ရောမ ၈:၁၀-၁၁**

# သခင်ဘုရားမျက်မှောက်၌ ခင်ကြွယ်သန့်ရှင်းခြင်း

....ငါတို့သည် ရန်သူဘေးနှင့်ကင်းလွတ်၍ ဘုရားသခင်ရှေ့တော်၌ တစ်သက်လုံး သန့်ရှင်းဖြောင့်မတ်ခြင်း ပါရမီအားဖြင့် ဘုရားဝန်ကိုရဲရင့်စွာပြုရသော အခွင့်ကိုပေးမည်ဟု ဗျာဒိတ်ထားတော်မူ၏။ **ရှင်လုကာ ၁:၆၈(၁)၊၇၄-၇၅**

ထို့ကြောင့်ချစ်သူတို့၊ ထိုကတိတော်များနှင့်ငါတို့သည် ဆိုင်ကြသည်ဖြစ်၍၊ ကိုယ်ခန္ဓာ၏ အညစ်အကြေး၊ စိတ်ဝိညာဉ်၏ အညစ်အကြေးရှိသမျှတို့နှင့် ကိုယ့်ကိုကိုယ်စင်စေလျက်၊ ဘုရားသခင်ကိုကြောက်ရွံ့၍သန့်ရှင်းခြင်း ပါရမီနှင့် ပြည့်စုံကြကုန်အံ့။
**၂ ကောရိန္သု ၇:၁**

ကြွင်းသေးသောစကားဟူမူကား ညီအစ်ကိုတို့၊ သင်တို့သည် အဘယ်သို့ကျင့်ရမည်၊ ဘုရားသခင်ကို အဘယ်သို့ နှစ်သက်စေရမည်ကို ငါတို့ထံ၌ နည်းခံကြသည်နှင့်အညီ တိုးပွား၍ ကြွယ်ဝပြည့်စုံမည်အကြောင်း သခင်ယေရှုကိုအမှီပြုလျက် ငါတို့သည် တောင်းပန်၍ တိုက်တွန်းသွေးဆောင်ကြ၏။ အဘယ်သို့သောပညတ်တို့ကို သခင်ယေရှု၏အခွင့်တော်နှင့် သင်တို့အား ငါတို့အပ်ပေးသည်ကို သင်တို့သိကြ၏။ ဘုရားသခင်၏ အလိုတော်ဟူမူကား သင်တို့သည် မတရားသောမေထုန်ကို ကြဉ်ရှောင်၍ သန့်ရှင်းစေခြင်းငှါငှင်း၊ သင်တို့အပေါင်းသည် သန့်ရှင်းခြင်း၊ အသရေတင့်တယ်ခြင်းနှင့် မိမိကိုယ်ကိုမိမိ ထိန်းတတ်စေခြင်းငှါငှင်း ... ငါတို့ကို ညစ်ညူးစေခြင်းငှါ ဘုရားသခင်ခေါ်တော်မူသည်မဟုတ်၊ သန့်ရှင်းစေခြင်းငှါ ခေါ်တော်မူ၏။ **၁ သက်သာလောနိ ၄:၁-၄၊၇**

သင်တို့ကိုခေါ်တော်မူသောသူသည် သန့်ရှင်းတော်မူသည့်နည်းတူ သင်ကျင့်ကြံပြုမူသမျှတို့၌ သန့်ရှင်းခြင်း ရှိကြလော့။ အကြောင်းမူကား ငါသည်သန့်ရှင်းတော်မူသောကြောင့် သင်တို့သည်လည်း သန့်ရှင်းခြင်းရှိကြလော့ဟု ကျမ်းစာလာသတည်း။
**၁ ရှင်ပေတရု ၁:၁၅-၁၆**

# သခင်ဘုရားမျက်မှောက်၌ စင်ကြယ်သန့်ရှင်းခြင်း

ထိုသို့နှင့်အညီယေရှုသည်မိမိသွေးအားဖြင့်လူများကိုစင်ကြယ်စေခြင်းငှါမြို့ဝင်ပေါက်တံခါးပြင်၌ အသေခံတော်မူ၏။ **ဟေဗြဲ ၁၃း၁၂**

ငါတို့သည် ဘုရားသခင့်ရှေ့တော်၌ မေတ္တာအားဖြင့်သန့်ရှင်းလျက် အပြစ်ကင်းလွတ်လျက်ဖြစ်မည်အကြောင်း၊ ဤကမ္ဘာမတည်မရှိမီငါတို့ကို ခရစ်တော်၌ရွေးကောက်တော်မူသည်နှင့်အညီ ... သန့်ရှင်းခြင်းပါရမီနှင့် မှန်သောဖြောင့်မတ်ခြင်း၌ ဘုရားသခင်နှင့်တူအောင် ဖန်ဆင်းသော လူသစ်ကိုယူတင်ဝတ်ဆောင်မည်အကြောင်းတည်း။ **ဧဖက် ၁း၄၊ ၄း၂၄**

ထိုအရပ်၌လမ်းမကြီးရှိလိမ့်မည်။ ထိုလမ်းကိုသန့်ရှင်းရာလမ်းဟု သမုတ်ကြလိမ့်မည်။ မစင်ကြယ်သောသူတို့သည်ထိုလမ်းကိုမလျှောက်မသွားရ။ သွားသောသူတို့နှင့်အတူ ကိုယ်တော်တိုင်ခရီးသွားလျက်ရှိတော်မူသည်ဖြစ်၍၊ မိုက်သောသူသော်လည်း လမ်းမလွဲရ။

**ဟေရှာယ ၃၅း၈**

ကိုယ့်အပြစ်တို့ကိုဖော်ပြတောင်းပန်လျှင် ငါတို့အပြစ်များကိုလွှတ်၍ ဒုစရိုက်ရှိသမျှနှင့်ကင်းစင်စေခြင်းငှာ ဘုရားသခင်သည် သစ္စာတရားနှင့်၎င်း၊ ဖြောင့်မတ်ခြင်းတရားနှင့်၎င်း ပြည့်စုံတော်မူ၏။ **၁ ရှင်ယောဟန် ၁း၉**

ဤအရာအလုံးစုံတို့သည် အကုန်အစင်ပျက်သုန်းပျောက်ပြယ်လိမ့်မည်။ သို့ဖြစ်၍ သန့်ရှင်းစွာကျင့်ကြံပြောဆိုခြင်း၊ ဘုရားဝတ်၌ မွေ့လျော်ခြင်းအားဖြင့် အဘယ်သို့သောသူဖြစ်သင့်သည်ကို သတိပြုလော့။ **၂ ရှင်ပေတရု ၃း၁၁**

လူအပေါင်းတို့သည် အသင့်အတင့်နေ၍ငြိမ်သက်ခြင်းကို၎င်း၊ သန့်ရှင်းခြင်းပါရမီကို၎င်း မှီအောင်လိုက်လော့။ သန့်ရှင်းခြင်းပါရမီမရှိလျှင် အဘယ်သူမျှ ထာဝရဘုရားကိုမဖူးမြင်ရ။

**ဟေဗြဲ ၁၂း၁၄**

ထာဝရဘုရား၏နာမတော်သည် ဘုန်းကြီးတော်မူသည်ဟု ဝန်ခံလျက် သန့်ရှင်းသောတန်ဆာကိုဆင်၍ ထာဝရဘုရားကို ကိုးကွယ်ကြလော့။ **ဆာလံ ၂၉း၂**

# ဝိညာဉ်တော်နှင့်ပြည့်ဝသောလူ

သင်တို့သည် အဆိုးဖြစ်လျက်ပင်၊ ကိုယ့်သားတို့အား ကောင်းသောအရာတို့ကို ပေးတတ်လျှင်၊ ထိုမျှမက ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့၏အဘသည် ဆုတောင်းသောသူတို့အား သန့်ရှင်းသောဝိညာဉ်တော်ကို သာ၍ ပေးတော်မူမည်မဟုတ်လော။

**ရှင်လုကာ ၁၁း၁၃**

ထိုသို့ ဆုတောင်းပဌနာပြုပြီး စုဝေးသောအရပ်သည် တုန်လှုပ်၍ ထိုသူအပေါင်းတို့သည် သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်သဖြင့်၊ ဘုရားသခင်၏နှုတ်ကပတ်တော်တရားကို ရဲရင့်စွာ ဟောပြောကြ၏။ **တမန်တော် ၄း၃၁**

ငါ့ဝိညာဉ်ကိုလည်း သင့်တို့အထဲသို့ သွင်းပေးသဖြင့် သင်တို့သည်ငါ၏ တရားလမ်းသို့ လိုက်၍ ငါစီရင်တော်မူချက်တို့ကို စောင့်ရှောက်ကြလိမ့်မည်။ **ယေဇကျေလ ၃၆း၂၇**

သို့သော်လည်း ဘုရားသခင်၏ ဝိညာဉ်တော်သည် သင်တို့အထဲ၌ ကိန်းဝပ်တော်မူလျှင် သင်တို့သည် ဇာတိပကတိဘက်၌ ရှိကြသည်မဟုတ်။ ဝိညာဉ်ပကတိဘက်၌ရှိကြ၏။ ခရစ်တော်၏ဝိညာဉ်ကို မရသောသူမည် သည်ကား ခရစ်တော်နှင့်မဆိုင်။ **ရောမ ၈း၉**

ထိုသို့ မရှိသော်လည်း သင်တို့အပေါ်သို့ သန့်ရှင်းသောဝိညာဉ်တော် ဆင်းသက်သော အခါ သင်တို့သည် တန်ခိုးကိုခံရ၍ .... ငါ၏သက်သေဖြစ်ကြလိမ့်မည်။

**တမန်တော် ၁း၈ (က)**

ထိုသူသည် သူတော်ကောင်းဖြစ်၍ သန့်ရှင်းသောဝိညာဉ်တော်နှင့်၎င်း၊ ယုံကြည်ခြင်းနှင့်၎င်းပြည့်စုံသူဖြစ်သည်။ **တမန်တော် ၁၁း၂၄ (က)**

တပည့်တော်များတို့သည် ဝမ်းမြောက်ခြင်းနှင့်၎င်း၊ သန့်ရှင်းသောဝိညာဉ်တော်နှင့်၎င်း ပြည့်စုံကြ၏။ **တမန်တော် ၁၃း၅၂**

လွန်ကျူးစေတတ်သော စပျစ်ရည်နှင့် ယစ်မူးခြင်းကိုရှောင်၍ ဝိညာဉ်တော်နှင့် ပြည့်စုံလျက်ရှိကြလော့။ **ဧဖက် ၅း၁၈**

# ခရစ်ယာန်များအတွက်ဒုံးသြဖွယ်ရာကတိတော်များ

ထာဝရဘုရားသည် ကျိုးပဲ့သောစိတ်ရှိသောသူတို့နှင့် နှလုံးကြေကွဲသော သူတို့ကို နီးတော်မူ၏။ နောင်တစိတ်ရှိ၍ စိတ်နှိမ့်ချသောသူတို့ကိုလည်း ကယ်တော်မူ၏။

**ဆာလံ ၃၄း၁၈**

ဤအရာအလုံးစုံတို့သည် ငါကိုယ်တိုင်ဖန်ဆင်းသောကြောင့်ဖြစ်ကြ၏။ စိတ်နှိမ့်ချခြင်း၊ ငါ့စကားကြောင့် တုန်လှုပ်ခြင်း ရှိသောသူကိုသာ ငါကြည့်ရှုမည်။ **ဟေရှာယ ၆၆း၂**

ယေရှုကလည်း ''သင်သည် ယုံကြည်နိုင်သလော၊ ယုံကြည်သောသူဖြစ်လျှင် ခပ်သိမ်းသောအမှုတို့ကို တတ်နိုင်သည်'' ဟု မိန့်တော်မူ၏။ **ရှင်မာကု ၉း၂၃**

ချစ်သူတို့၊ သင်တို့ကိုစုံစမ်းစရာဘို့ ယခုခံရသော မီးစစ်ခြင်းအရာကိုကား၊ သင်တို့၌ အံ့သြဖွယ်သောအရာဖြစ်သည်ဟု ထင်မှတ်၍အံ့သြခြင်းမရှိကြနှင့်၊ သင်တို့သည်ခရစ်တော်၏ ဆင်းရဲကိုဆက်ဆံကြသည်ဖြစ်၍၊ ဘုန်းတော်ပေါ်ထွန်းသောအခါ အလွန်ဝမ်းမြောက် ရွှင်လန်းမည်အကြောင်း၊ ယခုပင်ဝမ်းမြောက်ကြလော့။ **၁ ရှင်ပေတရု ၄း၁၂–၁၃**

ဘုရားသခင်သည် သူတို့၏မျက်စေ့၌ မျက်ရည်ရှိသမျှကို သုတ်တော်မူသည်။ နောက်တစ်ဖန် သေဘေးမရှိရ။ စိတ်မသာညည်းတွားခြင်း၊ အော်ဟစ်ခြင်း၊ ပင်ပန်းခြင်း လည်းမရှိရ၊ အကြောင်းမူကား ရှေးဖြစ်ဘူးသော အရာတို့သည် ရှေ့သွားကြပြီ။

**ဗျာဒိတ် ၂၁း၄**

ထာဝရဘုရားကို ခိုလှုံ၍ ကောင်းသောအကျင့်ကိုကျင့်လော့။ ပြည်တော်၌နေ၍ သစ္စာတရားကို ကျက်စားလော့။ **ဆာလံ ၃၇း၃**

ဘုရားသခင်၏ နိုင်ငံတော်နှင့် ဖြောင့်မတ်ခြင်းတရားတော်ကို ရှေ့ဦးစွာရှာကြလော့။ နောက်မှ ထိုအရာများကို ထပ်၍ပေးတော်မူလတံ့။ **ရှင်မဿဲ ၆း၃၃**

# ခံစမ်းခြင်းခံရသော သူတို့အတွက် ကတိတော်များ

ထိုသို့ စုံစမ်းနှောက်ယှက်ခြင်းကို ကိုယ်တော်တိုင်ခံ၍ ဆင်းရဲဒုက္ခ၌ ကျင်လည်သောကြောင့် စုံစမ်းနှောင့်ယှက်ခြင်း အမှုနှင့်တွေ့ကြုံသော သူတို့ကို မစခြင်းငှာ တတ်နိုင်တော်မူ၏။ **ဟေဗြဲ ၂း၁၈**

ငြိမ်သက်ခြင်း၏အရှင် ဘုရားသခင်သည် မကြာမြင့်မှီ စာတန်ကို သင်တို့ခြေအောက်၌ နှိပ်စက်တော်မူမည်။ **ရောမ ၁၆း၂၀(က)**

ဖြောင့်မတ်သောသူသည် များစွာသောဒုက္ခဆင်းရဲကိုခံရသော်လည်း ထာဝရဘုရားသည် ခပ်သိမ်းသော ဒုက္ခဆင်းရဲထဲက ကယ်လွှတ်တော်မူ၏။ **ဆာလံ ၃၄း၁၉**

သင်သည် ရေကိုလျှောက်သွားသောအခါ သင်နှင့်အတူ ငါရှိ၏။ မြစ်တို့ကို လျှောက်သွားသောအခါ မနစ်မွှမ်းရ။ မီးကိုချဉ်းနင်းသောအခါလည်း မလောင်ရ။

**ဟေရှာယ ၄၃း၂**

လူ၌ဖြစ်တတ်သော စုံစမ်းနှောက်ယှက်ခြင်းကိုသာ သင်တို့သည် ခံရကြ၏။ ဘုရားသခင်သည် သစ္စာနှင့် ပြည့်စုံတော်မူသည်ဖြစ်၍ သင်တို့မခံနိုင်သောစုံစမ်းနှောင့်ယှက်ခြင်းကို သင်တို့၌ရောက်စိမ့်သောငှာ၊ အခွင့်ပေးတော်မမူ။ သင်တို့ သည်းခံနိုင်မည်အကြောင်း၊ စုံစမ်းနှောက်ယှက်ခြင်းအရာနှင့်တကွ၊ ထွက်မြောက်သောလမ်းကိုလည်း စီရင် ပြုပြင်တော်မူလိမ့်မည်။ **၁ ကောရိန္သု ၁၀း၁၃**

ဘုရားသခင်ကို ချစ်သောသူတည်းဟူသော ကြံစည်တော်မူခြင်းအတိုင်း ခေါ်တော်မူသော သူတို့၏အကျိုးကို ခပ်သိမ်းသောအရာတို့သည် တစ်ညီတစ်ညွတ်တည်း ပြုစုကြသည်ကို ငါတို့သိကြ၏။ **ရောမ ၈း၂၈**

ငါတို့ယဇ်ပုရောဟိတ်မင်းသည် ငါတို့ခံရသောဆင်းရဲဒုက္ခများကြောင့် မကြင်နာနိုင်သောသူမဟုတ်။ ငါတို့ခံရသည်နည်းတူ အမျိုးမျိုးသော စုံစမ်းနှောင့်ယှက်ခြင်းတို့ကို ခံဖူးသောသူ ဖြစ်တော်မူ၏။ သို့ရာတွင် ဒုစရိုက်အပြစ်နှင့် ကင်းလွတ်တော်မူ၏။ **ဟေဗြဲ ၄း၁၅**

# အောင်မြင်သောသူတို့အတွက် ကတိတော်များ

အကြင်သူသည် အောင်မြင်၏။ ထိုသူကို ငါသည် ငါ၏ဘုရားသခင်ဗိမ္မာန်တော်၌ တိုင်ဖြစ်စေသည်။ နောက်တစ်ဖန်သူသည်ပြင်သို့မရွေ့ရ။ ငါ၏ ဘုရားသခင်နာမတော်ကိုငှင်း၊ ငါ၏ဘုရားသခင်အထံတော်မှ ထွက်၍ ကောင်းကင်ဘုံမှဆင်းသက်သော ယေရုရှလင်မြို့သစ် တည်းဟူသော ငါ၏ဘုရားသခင်မြို့တော်၏ နာမကိုငှင်း၊ ငါ၏နာမသစ်ကိုငှင်း ထိုသူအပေါ်၌ ငါသည် အက္ခရာတင်မည်။ **ဗျာဒိတ် ၃း၁၂**

ထိုသူ၏ နာမကိုအသက်စာစောင်မှ ငါသည်အလျှင်းမချေ။ ငါ့ခမည်းတော်ရှေ့၌ငှင်း၊ ကောင်းကင်တမန် တို့ ရှေ့ ၌ငှင်း၊ သူ၏နာမကို ငါဝန်ခံမည်။ **ဗျာဒိတ် ၃း၅**

ငါသည်အောင်မြင်၍ ခမည်းတော်၏ ပလ္လင်တော်ပေါ်မှာ ခမည်းတော်နှင့်အတူ ထိုင်နေသကဲ့သို့ အောင်မြင်သောသူသည် ငါ၏ပလ္လင်ပေါ်မှာ ငါနှင့်အတူ ထိုင်နေရသော အခွင့်ကိုငါပေးမည်။ **ဗျာဒိတ် ၃း၂၁**

အောင်မြင်သောသူသည် ဤအရာတို့ကို အမွေခံလိမ့်မည်။ ငါသည်သူ၏ ဘုရားသခင်ဖြစ်မည်။ သူသည်လည်း ငါ၏သားဖြစ်လိမ့်မည်။ **ဗျာဒိတ် ၂၁း၇**

ဝိညာဉ်တော်သည် အသင်းတော်တို့အား အဘယ်သို့မိန့်တော်မူသည်ကို နားရှိသူ မည်သည်ကား ကြားပါစေ။ အကြင်သူသည် အောင်မြင်၏။ ထိုသူသည် ငါ၏ဘုရားသခင် ပရဒိသုဥယျာဉ်၌ရှိသော အသက်ပင်၏အသီးကို စားစေခြင်းငှာ ငါအခွင့်ပေးမည်။

**ဗျာဒိတ် ၂း၇**

အကြင်သူသည် အောင်မြင်၍ အဆုံးတိုင်အောင် ငါ့အကျင့်ကိုကျင့်၏။ ငါ့ခမည်းတော် သည်ငါ့အားအခွင့်ပေးတော်မူသကဲ့သို့ လူမျိုးတို့ကို အုပ်စိုးစေခြင်းငှါ ထိုသူအားငါသည်အခွင့် ပေးမည်။ **ဗျာဒိတ် ၂း၂၆**

# လင်မယားကွာရှင်းခြင်းနှင့် ပတ်သက်၍ ဘုရားသခင်သည် ကျွန်ုပ်တို့အား ပြောပြတော်မူ၏

ခင်ပွန်းရှိသောသူတို့ကိုလည်း ငါ့ပညတ်သည်သာမက သခင်ဘုရားပညတ်တော်မူသည်ကား မယားသည် မိမိခင်ပွန်းကို မစွန့်ပစ်စေနှင့်။ စွန့်ပစ်လျှင် ခင်ပွန်းမရှိဘဲနေစေ။ သို့မဟုတ်လျှင်၊ ခင်ပွန်းဟောင်းထံသို့ ပြန်၍ အသင့်အတင့်နေစေ။ ယောကျ်ားသည်လည်း မိမိမယားနှင့် မကွာစေနှင့်။ မိန်းမသည် မိမိခင်ပွန်း မသေမှီကာလပတ်လုံး တရားအားဖြင့် ချည်နှောင်လျက် ရှိ၏။ ခင်ပွန်းသေလျှင်မူကား မိမိအလိုအတိုင်း သခင်ဘုရား၌သာ အခြားသောသူ၏မယားဖြစ်ခြင်း၌ အခွင့်ရှိ၏။ **၁ ကောရိန္သု ၇း၁၀-၁၁**

ဥပမာကား၊ လင်ရှိသောမိန်းမသည် လင်မသေမှီတိုင်အောင် ပညတ်တရားအားဖြင့် လင်၌ချည်နှောင်လျက်ရှိ၏။ လင်သေလျှင်မူကား လင်ဝတ်နှင့်လွတ်၏။ ထို့ကြောင့် မိမိလင်မသေမှီ အခြားသောသူ၏မယားဖြစ်လျှင် မျောက်မထားသောမိန်းမဟု ခေါ်ထိုက်၏။ လင်သေလျှင်မူကား၊ ထိုတရားနှင့် လွတ်သည်ဖြစ်၍...။ **ရောမ ၇း၂-၃**

အကြင်သူသည် မိမိမယားနှင့်ကွာ၍ အခြားသောမိန်းမနှင့် စုံဘက်ခြင်းကိုပြု၏။ ထိုသူသည် မိမိမယားပြစ်မှား၏။ လင်ကွာသော မိန်းမနှင့်စုံဘက်ခြင်းကို ပြုသောသူသည်လည်း သူ့မယားကိုပြစ်မှားသည်။ **ရှင်လုကာ ၁၆း၁၈**

ငါ့ပညတ်သည်ကား၊ မှားယွင်းခြင်းအကြောင်းမှတစ်ပါး အခြားသောအကြောင်းဖြင့်၊ မိမိမယားနှင့်ကွာသောသူသည် မိမိမယားကို မှားယွင်းစေ၏။ ကွာသောမိန်းမနှင့် စုံဘက်ခြင်းကိုပြုသောသူသည်လည်း သူ့မယားကိုပြစ်မှား၏။ **ရှင်မဿဲ ၅း၃၂**

# ခရစ်တော် ဒုတိယအကြိမ်ကြွလာတော်မူခြင်း

ငါသည်သွား၍ သင်တို့နေစရာအရပ်ကို ပြင်ဆင်ပြီးမှ တစ်ဖန်ပြန်လာပြီး ငါရှိရာအရပ်၌ သင်တို့ရှိစေ ခြင်းငှာ သင်တို့ကို ငါ့ထံသို့သိမ်းဆည်းမည်။ **ရှင်ယောဟန် ၁၄း၃**

မျှော်ကိုမထားသော ဤလူမျိုးဆိုးတွင် အကြင်သူသည် ငါ့ကိုရှင်း၊ ငါ့စကားကိုရှင်း ရှက်၏။ လူသားသည် မိမိအဘခမည်းတော်၏ ဘုန်းအာနုဘော်ကိုဆောင်လျက်၊ သန့်ရှင်း သော ကောင်းကင်တမန် အခြံအရံတို့နှင့် ကြွလာသောအခါ ထိုသူကိုရှက်တော်မူလတံ့။

**ရှင်မာကု ၈း၃၈**

ထိုအခါ လူသား၏နိမိတ်လက္ခဏာသည် ကောင်းကင်၌ထင်ရှားလိမ့်မည်။ မြေကြီးပေါ် မှာ လူအပေါင်းတို့သည် ငိုကြွေးမြည်တမ်းကြ၍၊ လူသားသည် ကြီးစွာသော ဘုန်းတန်ခိုး အာနုဘော်ကိုဆောင်လျက်၊ မိုးတိမ်ကိုစီး၍ ကြွလာတော်မူသည်ကို မြင်ရကြလိမ့်မည်။

**ရှင်မဿဲ ၂၄း၃၀**

ချစ်သူတို့၊ ယခုတွင် ငါတို့သည် ဘုရားသခင်၏သား ဖြစ်ကြ၏။ နောက်မှ အဘယ်သို့ သောသူဖြစ်မည်ဟု မထင်ရှားသေး။ သို့သော်လည်း ကိုယ်တော်ထင်ရှားပေါ်ထွန်းတော်မူသော အခါ ငါတို့သည် ကိုယ်တော်နှင့်တူကြလတံ့ဟု ငါတို့သိကြ၏။ အကြောင်းမူကား ကိုယ်တော် ဖြစ်တော်မူသည်အတိုင်း ငါတို့သည်မြင်ရကြလတံ့။ ထိုသို့မျှော်လင့်သောသူမည်သည်ကား ကိုယ်တော်သန့်ရှင်းတော်မူသည်နည်းတူ ကိုယ့်ကိုကိုယ် သန့်ရှင်းစေတတ်၏။

**၁ ရှင်ယောဟန် ၃း၂-၃**

ထို့ကြောင့် သင်တို့သည် ပြင်ဆင်လျက်နေကြလော့။ အကြောင်းမူကား သင်တို့ မထင်မှတ်သောအချိန်၌ လူသားသည်ကြွလာလိမ့်မည်။ **ရှင်လုကာ ၁၂း၄၀**

လူသားသည် မိမိအဘ ခမည်းတော်၏ ဘုန်းအာနုဘော်ကို ဆောင်လျက် ကောင်းကင် တမန် အခြံအရံတို့နှင့် ကြွလာတော်မူလတံ့။ ထိုအခါ လူအသီးသီး ကျင့်သောအကျင့်နှင့် အလျောက် အကျိုးအပြစ်ကို ဆပ်ပေးတော်မူလတံ့။ **ရှင်မဿဲ ၁၆း၂၇**

# ဘုရားသခင်၏နှုတ်ကပတ်တော်

ကောင်းကင်နှင့်မြေကြီး မတည်သော်လည်း ငါ့စကားတည်လိမ့်မည်။

**ရှင်လုကာ ၂၁း၃၃**

အကြောင်းမူကား အနာဂတ္တိစကားသည် သူ့အလိုအားဖြင့် ဖြစ်ဖူးသည်မဟုတ်၊ ဘုရားသခင်၌သန့်ရှင်းသူတို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ တိုက်တွန်းတော်မူခြင်းကို ခံရ၍ ဟောပြောကြ၏။ **၂ ရှင်ပေတရု ၁း၂၁**

ထိုကျမ်းစာရှိသမျှသည် ဘုရားသခင်မှုတ်သွင်းတော်မူသောအားဖြင့် ဖြစ်၍ ... ဩဝါဒပေးခြင်း၊ အပြစ်ကိုဖော်ပြခြင်း၊ ဖြောင့်မတ်စွာပြုပြင်ခြင်း၊ တရားကိုသွန်သင်ခြင်းကျေးဇူးများကို ပြုတတ်၏။ **၂ တိမောသေ ၃း၁၆**

## ဆုတောင်း၍ခွင့်လွှတ်ပါ။

(ယေရှုကမိန့်တော်မူ၏) ထို့ကြောင့် ဆုတောင်းရမည်မှာ – ကောင်းကင်ဘုံ၌ရှိတော်မူသော ကျွန်ုပ်တို့အဘ၊ ကိုယ်တော်၏ နာမတော်အား ရိုသေလေးမြတ်ခြင်းရှိပါစေသား။ နိုင်ငံတော်တည်ထောင်ပါစေသား၊ အလိုတော်သည်ကောင်းကင်ဘုံ၌ ပြည့်စုံသကဲ့သို့ မြေကြီးပေါ်မှာ ပြည့်စုံပါစေသော၊ အသက်မွေးလောက်သောအစာကို ကျွန်ုပ်တို့အား ယနေ့ပေးသနားတော်မူပါ၊ သူတစ်ပါးသည် ကျွန်ုပ်တို့ကို ပြစ်မှားသောအပြစ်များကို လွှတ်တော်မူပါ။ အပြစ်သွေးဆောင်ရာသို့ မလိုက်မပါစေဘဲ မကောင်းသောအမှုအရာမှလည်း ကယ်နုတ်တော်မူပါ။ အစိုးပိုင်သောအခွင့်နှင့် ဘုန်းတန်ခိုးအာနုဘော်သည် ကမ္ဘာအဆက်ဆက်ကိုယ်တော်၌ရှိပါ၏၊ အာမင်ဟု ဆုတောင်းကြလော့။ သင်တို့သည် သူတပါးတို့၏ အပြစ်ကိုလွှတ်လျှင် ကောင်းကင်ဘုံ၌ ရှိတော်မူသော သင်တို့အဘသည် သင်တို့၏အပြစ်ကို လွှတ်တော်မူမည်။ သင်တို့သည် သူတစ်ပါးတို့၏အပြစ်ကို မလွှတ်လျှင် သင်တို့အဘသည် သင်တို့၏အပြစ်ကို လွှတ်တော်မမူ။ **ရှင်မဿဲ ၆း၉–၁၅**

# ဘုရားသခင်၏ကယ်တင်ခြင်းအမှုတော်

## ကျွန်ုပ်တို့ကယ်တင်ရှင်လိုအပ်သည်

အဘယ်ကြောင့်နည်းဟူမူကား လူအပေါင်းတို့သည် ဒုစရိုက်ကိုပြု၍ ဘုရားသခင်ရှေ့၌ အသရေပျက်ကြပြီ။ ရောမ ၃း၂၃

သင်တို့ဒုစရိုက်သည် သင်တို့ကို ဘုရားသခင်နှင့်ကွာစေပြီ။ ဟေရှာယ ၅၉း၂ (က)

## ကျွန်ုပ်တို့အတွက် ခရစ်တော်အသေခံသည်

ခရစ်တော်သည် ကိုယ်ခန္ဓာအားဖြင့် အသေသတ်ခြင်းကို ခံ၍ ဝိညာဉ်တော်အားဖြင့် အသက်ရှင်ခြင်းသို့ ရောက်တော်မူသည်ဖြစ်၍ ငါတို့ကို ဘုရားသခင်အထံတော်သို့ ပို့ဆောင်ခြင်းငှါ ဖြောင့်မတ်တော်မူသောသူသည် မဖြောင့်မတ်သောသူတို့အတွက် ဒုစရိုက်အပြစ်များကြောင့် တစ်ခါခံတော်မူ၏။ ၁ ရှင်ပေတရု ၃း၁၈ (က)

## ကျွန်ုပ်တို့အပြစ်အတွက် နောင်တရရန်လိုအပ်သည်

မိမိအပြစ်ကို ဝှက်ထားသောသူသည် ချမ်းသာမရ။ မိမိအပြစ်ကို ဖော်ပြဝန်ချ၍ စွန့်ပစ်သောသူမူကား ကရုဏာတော်ကို ခံရလိမ့်မည်။ သုတ္တံ ၂၈း၁၃

သင်တို့အပြစ်ကို ပြေစေခြင်းငှါ နောင်တရ၍ စိတ်ပြောင်းလဲခြင်းသို့ ရောက်ကြလော့။ တမန်တော် ၃း၁၉ (က)

## ယုံကြည်ခြင်းအားဖြင့် ယေရှုကိုလက်ခံရန် လိုအပ်သည်

ထိုသူကို လက်ခံသမျှသော သူတည်းဟူသော ကိုယ်တော်ကိုယုံကြည်သောသူတို့အား ဘုရားသခင်၏ သားဖြစ်ရသောအခွင့်ကို ပေးတော်မူ၏။ ရှင်ယောဟန် ၁း၁၂

## ကယ်တင်ခြင်းရရှိကြောင်း သေချာရန်လိုအပ်သည်

သားတော်ကို ရသောသူသည် အသက်ကိုရ၏။ ၁ ရှင်ယောဟန် ၅း၁၂ (က)

ငါအမှန်အကန်ဆိုသည်ကား ငါ့စကားကိုနားထောင်၍ ငါ့ကိုစေလွှတ်တော်မူသောသူကို ယုံကြည်သောသူသည် ထာဝရအသက်ကိုရသည်ဖြစ်၍ အပြစ်စီရင်ခြင်းကိုမခံရ။ သေခြင်းမှ အသက်ရှင်ခြင်းသို့ ကူးပြောင်းသောသူဖြစ်၏။ ရှင်ယောဟန် ၅း၂၄

Published in numerous languages by World Missionary Press, Inc., as God supplies funds in answer to prayer. **For questions or more information by country, visit: www.wmp-contacts.org.**

# အခမဲ့ – ရောင်းရန်မဟုတ်

Circulation within the Church

(အသင်းတော်တွင်းဖြန့်ဝေရန်)

World Missionary Press
PO Box 120
New Paris, IN 46553-0120 USA
www.wmpress.org

Read booklets online or by App
www.wmp-readonline.org

3-23

276/2 Burmese HFA